# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၈)


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြုူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြုူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)



# လွတ်လပ်သည့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ တာဝန်

ယနေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် (၇၇) နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ ဗိုလ်ချုပ်တို့ဦးဆောင်အရယူပေးခဲ့သည့် မြန်မာ့လွတ်လပ်ရေးမှာမူ စိန်ရတုလွန်မြောက်၍ ၇၆ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့လက်အောက်မှ မြန်မာနိုင်ငံကို လုံးဝလွတ်လပ်ရေးရယူရန် သန္နိဋ္ဌာန်အခိုင်အမာဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့ပြီး အဆိုပါညီညွတ်မှုအင်အားဖြင့် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဖြင့် တိုင်းရင်းသားများအားလုံး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်စည်းရုံးမှုတွင် တစ်ခဲနက်လိုက်ပါစည်းလုံးညီညွတ်ခဲ့ကြရာ မကြုံစဖူး၊ ထူးထူးကဲကဲပင်ဖြစ်သည်ဟု သိမီသူတို့၏ စာပေမှတ်တမ်းများတွင် တွေ့ရသည်။ မြန်မာ့သမိုင်းတစ်လျှောက် ဤသို့သော စည်းလုံးညီညွတ်မှုမျိုးသည် အနော်ရထာမင်းလက်ထက်တွင် တစ်ကြိမ်၊ ဘုရင့်နောင်လက်ထက်တွင် တစ်ကြိမ်၊ အလောင်းဘုရားလက်ထက်တွင် တစ်ကြိမ်နှင့် ဆင်ဖြူရှင်လက်ထက်တွင် တစ်ကြိမ်၊ ဤလေးကြိမ်သာရှိခဲ့ဖူးကြောင်း အာဇာနည်ခေါင်းဆောင်များကျဆုံးပြီး ထုတ်လွှင့်သည့် သခင်နု၏မိန့်ခွန်းတွင် ပါရှိခဲ့သည်။ အရှေ့တိုင်းသမိုင်းပါမောက္ခ ဂျီ ၊ အိတ်ချ်လုစ်ကလည်း ဗိုလ်ချုပ်အောင်ဆန်းအား "မြန်မာ့သမိုင်းတွင်ကျန်စစ်သားနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလက်နက်အင်အားမပါဘဲ ပထမဆုံးစွမ်းဆောင်ပေးခဲ့သူ" ဟူ၍ မှတ်ချက်ပြုခဲ့သည်။

အကယ်၍သာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အစမ္မအကြမ်းဖက် နိုင်ငံတော်လုပ်ကြံမှုကြီး မပေါ်ပေါက်ခဲ့သလိုဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗမာများ၊ တိုင်းရင်းသားများပါဝင်သည့် ခေါင်းဆောင်များနှင့် ဖွဲ့စည်းထားသည့် ကြားဖြတ်အစိုးရအဖွဲ့လည်း အအုပ်အစည်းမပျက် ရှိခဲ့ပါလျှင် မြန်မာနိုင်ငံ၏သမိုင်းကြောင်းသည် တစ်မျိုးတစ်ဖုံဖြစ်ကောင်းဖြစ်နိုင်သည်။ ဤသို့သော အတွေးသည် နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်းမျိုးဆက်သစ်မြန်မာတို့ တွေးလေ့ရှိသော အတွေးလည်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ ချစ်ခင်ရင်းနှီးစွာ ယုံယုံကြည်ကြည် ညီညီညွတ်ညွတ်တည်ဆောက်ခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ခေါင်းဆောင်များ ကျဆုံးခဲ့ရပြီးနောက် နိုင်ငံလွတ်လပ်ရေးရပြီးမကြာမီမှာပင် အက်ကြောင်းထင်ခဲ့သည်။ ဘိုးဘွားတို့၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရယူခဲ့ရသည့်လွတ်လပ်ရေး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့ရသည့် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးဆုံးရှုံးမသွားစေရန် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စု၏ တစ်ခုတည်းသော တပ်မတော်နှင့် ပြည်သူတို့၏ စုပေါင်းအားဖြင့် ကာကွယ်ခဲ့ကြရသည်။

လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည့်အခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူနိုင်ငံသားတို့ အလုပ်လုပ်ကြရန်လိုသည်။ လွတ်လပ်သည့်နိုင်ငံသူ နိုင်ငံသားတို့ ကိုယ့်နိုင်ငံကိုကိုယ်ကာကွယ်ကြရန်လည်း တာဝန်ရှိသည်။ လွတ်လပ်ပြီးနောက်ဆယ်စုနှစ်များစွာ ကြာမြင့်လာသည့်တိုင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ မိမိတို့နိုင်ငံနှင့် မရှေးမနှောင်းလွတ်လပ်ခဲ့ကြသည့် နိုင်ငံများ၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိခဲ့ကြသည့်နိုင်ငံများ တစ်နိုင်ငံပြီးတစ်နိုင်ငံ ရှေ့သို့ရောက်ရှိသွားခဲ့ကြပြီဖြစ်ရာ ကြာလေလေ နောက်ကျလေလေနှင့် နိမ့်ကျသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိမသွားစေရန် မိမိတို့၏ ခေတ်သမိုင်းက မိမိတို့ကိုတာဝန်ပေးအပ်နေပြီဖြစ်သည်။

ယနေ့ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုကျင့်သုံးသည့် ပြည်ထောင်စုကိုတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီး လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန် လိုအပ်သည့်အခင်းအကျင်းအခြေအနေများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေချိန်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပါ ပြိုကွဲစေရေး၊ ပြည်ထောင်စုကြီး ပြိုကွဲရေးတို့အထိ ဦးတည်နေသည့်အကြမ်းဖက်အဖျက်သောင်းကျန်းမှုများကိုပါ တိုက်ခိုက်နေရခြင်းဖြစ်ရာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ဆန္ဒနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထုကြီး၏ စည်းလုံးညီညွတ်မှုအားဖြင့် ပေါင်းစည်းပါဝင်ကြပါရမည့်အကြောင်း။ ။

# ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင် ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ် ၂ အုပ်၊ ပုံနှိပ်ဆဲ ၆ အုပ်၊ စာသားများစစ်ဆေးဆဲ ၁၇ အုပ်၊ စာမူပြုစုဆဲ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ် ၂၀ အုပ်ရှိပါသည်။

၂။ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- နှုန်းဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇၃၄၀၆၂၇၆၊ ၀၉၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင် (ညွှန်ကြားရေးမှူး)၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၆၇၃၄၀၆၂၃၂၊ ၀၉၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၊ ဖုန်း – ၀၂၄၀၆၁၁၂၊ ၀၉၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၁၆၅၁၂၀၉၊ ၀၉၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး)၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၂၄၀၃၆၃၁၊ ၀၉၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ -၂၀၂၄ (တက္ကသိုလ်အဆင့်)ကို Online မှ ကျင်းပသွားမည်




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)ကို Online မှတစ်ဆင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရပါသည်-

https://www.ncsc.gov.mm/CAVC2024_RegistrationForm.pdf

https://www.ncsc.gov.mm/CAVC2024_Announcement.pdf

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၂) ဆုတို့ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ASEAN – JAPAN Cybersecurity Awareness Video Competition – 2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ ဝဘ်ဆိုက် www.ncsc.gov.mm သို့ လည်းကောင်း၊ ဖုန်းနံပါတ် – ၀၆၇-၃၄၂၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရှိရပါသည်။

**သတင်းစဉ်**

## ပေါင်မြို့နယ်၌ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆိုင်ရာ အသိပညာပေး




ပေါင် ဇွန် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက (Talk Show) ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးဝင်းက သစ်တောသစ်ပင်များမှ ပေးစွမ်းနိုင်သည့် အကျိုးကျေးဇူးများအကြောင်း သစ်တောဦးစီးဌာနနှင့် ပြည်သူများပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

**မွန်မလေး(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဆီဆိုင် ဇူလိုင် ၁၈

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သစ်တောလုပ်ငန်းများတွင် ပြည်သူလူထုများ ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ယမန်နေ့က နောင်အယ်ကျေးရွာရှိ လောကဟိတဘုန်းတော်ကြီးသင် ပရဟိတကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ဟိုပုံးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက သစ်ပင်မျိုးထောင်စိုက်ပျိုးသည့် နည်းစနစ်နှင့် သစ်တော၊ သစ်ပင်စိုက်ပျိုးခြင်း၏ ရရှိမည့်အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။ ထို့နောက် လောကဟိတဘုန်းတော်ကြီးသင် ပရဟိတကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးကောဝိဒ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း ပျိုးပင်ပေါင်း ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း ပျိုးပင်ပေါင်း ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ယာယီသမ္မတ ဦးမြင့်ဆွေ ဆေးခွင့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူ

**နေပြည်တော် ဇူလိုင် ၁၈**

ယာယီသမ္မတ ဦးမြင့်ဆွေသည် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လှုပ်ရှားရာတွင် တုန့်နှေးခြင်းနှင့် အစားအသောက်နည်းခြင်းတို့ကို စတင်ခံစားခဲ့ရသည့်အတွက် အထူးကုပါရဂူကြီးများ ပါဝင်သော ဆေးကုသမှုအဖွဲ့ဖြင့် ပုံမှန်ဆေးကုသမှု ခံယူခဲ့ပါသည်။ ကျန်းမာရေးစစ်ဆေးစမ်းသပ်ချက်များအရ အာရုံကြောများ နှေးကွေးတုန့်ဆိုင်းသည့် ရောဂါ၊ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်သော အာရုံကြောအားနည်းရောဂါတို့အား ခံစားနေရသည်ကို တွေ့ရှိရသည့်အတွက် ၁၅-၄-၂၀၂၄ ရက်မှ ၁၉-၄-၂၀၂၄ ရက်အထိ စင်ကာပူနိုင်ငံ၊ Mount Elizabeth Medical Centre တွင် ဦးနှောက်နှင့် အာရုံကြောပိုင်းဆိုင်ရာ စစ်ဆေးကုသမှုများခံယူခဲ့ပြီး ၂၇-၅-၂၀၂၄ ရက်မှ ၁၈-၆-၂၀၂၄ ရက်အထိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) တွင် ဆေးကုသမှုခံယူခဲ့ပါသည်။

ယင်းကာလအတွင်း ယာယီသမ္မတ ဦးမြင့်ဆွေ ၏ ဝဲ၊ ယာ မျက်စိများတွင် ဖြစ်ပွားလျက်ရှိသော အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံ ပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရသဖြင့် ၁၈-၆-၂၀၂၄ ရက်မှ ၁၀-၇-၂၀၂၄ ရက်အထိ ဆေးခွင့်ယူ၍ နေအိမ်တွင် အထူးဆေးကုသမှုအဖွဲ့၏ အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိပါသည်။ ၁၀-၆-၂၀၂၄ ရက်နှင့် ၁၄-၇-၂၀၂၄ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းနှင့် (၈) ဦးပါဝင်သော အထူးဆေးကုသမှုအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးမှုကိုပြုလုပ်ခဲ့ရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်းအပါအဝင် နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှု မရှိသေးသောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံဆောင်ရွက်ပေးမှုဖြင့် အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ ငါးလုပ်ငန်းစခန်း (တွံတေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ငါးမွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ချက်များနှင့် ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ငါးလုပ်ငန်းစခန်း (တွံတေး) နှင့် လှော်ကားငါးလုပ်ငန်းစခန်းများမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကန်၊ ချောင်း၊ သဘာဝရေပြင်များ၌ ငါးမျိုးစိုက်ထည့်မည့် ငါးသားပေါက်ကောင်ရေ ၁၂ သိန်းကျော် လျာထားချက်ပြည့်မီရေးနှင့် ဒေသတွင်း ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့ပြီးသော အဆောက်အအုံများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့် အဆောက်အအုံများနှင့် ပတ်သက်၍လည်းကောင်း၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးမှာကြားပြီး ပထမနှစ် တက်ရောက်သင်ယူလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြား၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တည်ဆောက်ပြီး စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊ ကျောင်းသားအိပ်ဆောင် ကျောင်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ တည်ဆောက်ရန် မြေပြုပြင်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များမှာကြားသည်။

ဇူလိုင် ၁၇ ရက်က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှော်ကားငါးလုပ်ငန်းစခန်း၏ ဒေသနှင့်ကိုက်ညီသည့် ပြည်တွင်း၊ ပြည်ပငါးမျိုးသစ်များ စမ်းသပ်သားဖောက် ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များ ဖော်ထုတ်၍ သုတေသနပြုသားဖောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ငါးသယံဇာတများ ပေါကြွယ်ဝစေရေးအတွက် သဘာဝရေပြင်များတွင် နှစ်စဉ်ငါးမျိုးစိုက်ထည့်ပေးခြင်းကို ချမှတ်ထားသောမူဝါဒနှင့်အညီ အလေးထားဆောင်ရွက်ရန်၊ ဒေသတွင်း ရှင်သန်ဖြစ်ထွန်းပြီး စျေးကွက်ရှိသော ငါးရံ့၊ ငါးဖားမမျိုးများအပါအဝင် အရည်အသွေးကောင်း ငါးသားပေါက် မျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးထုတ်လုပ်ရန်၊ ငါးသားပေါက်များနှင့် မွေးမြူနည်းစနစ်များကို ငါးမွေးမြူသူများထံသို့ အသိပညာပေးမှုများ မပျက်မကွက်ဆောင်ရွက်ရန်နှင့် ငါးဆေးထိုးသားဖောက် စာတွေ့၊ လက်တွေ့သင်တန်းများကို ငါးမွေးသူတောင်သူများကို တိုးမြှင့်သင်ကြား ဖွင့်လှစ်ပေးနိုင်ရန် လိုအပ်ချက်များ၊ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ငါးသားပေါက်များ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိ ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

လှော်ကားငါးလုပ်ငန်းစခန်းအနေဖြင့် တိုင်းရင်းငါးမျိုးများထိန်းသိမ်းခြင်း၊ ငါးမျိုးသစ်များပွားများပေးခြင်းနှင့် ငါးသားဖောက်ခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူများ ဈေးကွက်အတွင်း ဝယ်ယူရခက်ခဲ့သည့် ဆေးဝါးများကို မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ကုမ္ပဏီဖြန့်ဈေးအတိုင်း ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရုံးတွင် ပြည်သူများဈေးကွက်အတွင်း ဝယ်ယူရခက်ခဲ့သည့် ဆေးဝါးများကို ဆေးကုမ္ပဏီများ၏ ဖြန့်ဈေးအတိုင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းကြိုင်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဆေးဝါးဈေးကွက်အတွင်း ဝယ်ယူရခက်ခဲ့သည့် ဆေးဝါးများကို ဇူလိုင် ၁၇ ရက်မှစတင်ကာ ဆေးနှင့်ဆေးပစ္စည်းတင်သွင်းသည့် ကုမ္ပဏီ (၄၀) မှ ဆေးဝါးဈေးကွက်အတွင်း ဖြန့်ဖြူးပေးနေသည့် ဈေးနှုန်းများဖြင့် ရောင်းချပေးနေခြင်းဖြစ်သည်။

"ဈေးကွက်ထဲမှာ ရှာရခက်နေတဲ့ ဆေးဝါးတွေကို မိမိသောက်နေကျဆေးတွေ၊ ဆေးကတ်တွေ၊ ဆေးဘူးတွေ၊ လူနာမှတ်တမ်းတွေ ယူလာပြီး လာရောက်ဝယ်ယူလို့ရပါတယ်။ လူနာတွေ ဆေးဝယ်မှားတာတို့၊ မသိတာတို့ဖြစ်မှာစိုးရင် Medical Team ထားပေးထားတယ်။ ဒါ့အပြင် လူနာသောက်နေကျ ဆေးကရှာမရဘူး။ ဈေးအလွန်ကြီးတယ်ဆိုရင် အစားထိုးသောက်နိုင်တဲ့ အလားတူဈေးချိုတဲ့ ဆေးတွေကိုလည်း Help Centre Medical Team က အကြံပေးလျက်ရှိပါတယ်" ဟု ဒေါက်တာ ဝင်းကြိုင်က ပြောသည်။



ယင်းကဲ့သို့ ဆေးဝါးဈေးကွက်အတွင်း ဝယ်ယူရခက်ခဲသည့် ဆေးဝါးများကို ဆေးကုမ္ပဏီများက ဖြန့်ဈေးအတိုင်း ရောင်းချပေးမည့် အစီအစဉ်ကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

လက်ရှိ ဆေးရောင်းပွဲတွင် အခြေခံအိမ်သုံးဆေးဝါးများအပြင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာဆေး၊ ပိုးသတ်ဆေး၊ အရိုးနှင့် အကြောအထောက်အကူပြုပစ္စည်းများကို ရောင်းချပေးနေသည်ဟုလည်း သိရသည်။ **ASH**



# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် Men Sports နှင့် ကာယအလှမယ်ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်ပညာရေးတက္ကသိုလ် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် Men Sports နှင့်ကာယအလှမယ်ပြိုင်ပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ Learning Hub ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ သင်တန်းရေးရာနှင့် စာပေးစာယူဌာနတို့မှ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များက Men Sports ပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) **သတင်းစဉ်**

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၈**

တိရစ္ဆာန် ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်းသည့် အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်း၊ ဥပဒေမူကြမ်း စိစစ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အပြီးသတ်ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဆိုပါဥပဒေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း (AQS) တည်ထောင်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် လျှောက်ထားလာမှုများရှိသော်လည်း ဥပဒေတွင် ယင်းပြဋ္ဌာန်းချက် မပါဝင်သဖြင့် မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးသကဲ့သို့ တိရစ္ဆာန်ထိန်းသိမ်း စောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) တည်ထောင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ်ထုတ်ပေး၍ မရခြင်း၊ သားသတ်ရုံလုပ်ငန်းနှင့် သားသတ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းဖြစ်ပြီး ခွင့်ပြုလက်မှတ်သက်တမ်းတိုးနိုင်သည့် ဖော်ပြချက်များ မပါရှိသည့်အတွက် အဆိုပါ သားသတ်ရုံလုပ်ငန်းနှင့် သားသတ်ခြင်း လုပ်ငန်းများ သက်တမ်းတိုးနိုင်ရန် လိုအပ်လျက်ရှိခြင်းတို့ကြောင့် ဥပဒေကို ပြင်ဆင်လိုခြင်းဖြစ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ရေးဆွဲရခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ကို လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် ပြင်ဆင်ရန် လိုအပ်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါ ဥပဒေ (မူကြမ်း) ကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုး

ပဲခူး ဇူလိုင် ၁၈

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်သည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်မှ အသစ်တည်ဆောက်ထားသည့် နိုင်ငံတကာအဆင့်မီ တိုင်းဒေသကြီးအားကစားဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်စေရေး၊ အရိပ်ရစေရေးနှင့် စိတ်အပန်းဖြေမှုအတွက် သစ်ပင်များ စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း တစ်ရှာနှစ်ဧကေ စိုက်ပျိုးခြင်းအပြင် နည်းလမ်း (၈) သွယ်ဖြင့် ပျိုးပင်ပေါင်း ၁၄ သိန်း စိုက်ပျိုးရန် လျာထားလျက်ရှိရာ ယနေ့အချိန်အထိ ပျိုးပင်ပေါင်း ၁၂ သိန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စိုက်ပျိုးသည့် သစ်ပင်များ ရှင်သန်ကြီးထွားအောင် ပြုစုစောင့်ရှောက် ထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို တိုင်းဒေသကြီး အားကစားဥယျာဉ်၌ ပြုလုပ်ခဲ့ပြီး သစ်ပျိုးပင်ပေါင်း ၆၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာကန်အတွင်း ငါးမျိုးစိုက်ထည့်

**မုံရွာ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ ပြည်သူများ ငါးစားသုံးမှု ဖူလုံစေရေးနှင့် ငါးသယံဇာတပေါများစေရေးတို့ အတွက် ကန်သာယာကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကန်ရှိရေပေါ်စင်တွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ စုမျိုးသွယ်က ကန်သာယာကန်အတွင်း ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းအား ကန်သာယာကန်အတွင်း ငါးမျိုးများ တပျော်တပါး စိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချင်းတွင်းမြစ်အတွင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၃၆၀၀၀၀ (သုံးသိန်းခြောက်သောင်း) နှင့် မုံရွာမြို့ ကန်သာယာကန်နှင့် လယ်တီကန်အတွင်းသို့ ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၂ သိန်းတို့ကို ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှကြီးမှူး၍ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးချိုထွန်းအောင်က ကျောင်းသား ကျောင်းသူများအနေဖြင့် အမှိုက်များ စွန့်ပစ်ရာတွင် စည်းကမ်းတကျ စွန့်ပစ်ရန်နှင့် ရန်ကုန်မြို့တော်ကို အမှိုက်ကင်းစင်ပြီး သန့်ရှင်းသာယာလှပသည့် မြို့တော်အဖြစ် ရပ်တည်နိုင်ရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူးများဖြစ်ကြသည့် ဒေါက်တာအောင်မြင့်မော်နှင့် ဒေါက်တာခင်နှင်းအေးတို့က စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာ၊ အမှုအကျင့်ကောင်းများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းကဲ့သို့ ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ခြင်းဖြင့် မိမိပတ်ဝန်းကျင်တွင် ရောဂါဖြစ်စေနိုင်သည့် ပိုးမွှားအန္တရာယ်များမှ ကာကွယ်နိုင်ခြင်း၊ အနံ့ဆိုးများထွက်ရှိမှု လျော့နည်းလာနိုင်ခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်သည့်အတွက် သိမ်းဆည်းရလွယ်ကူခြင်း၊ အမှိုက်သိမ်းလုပ်သားများ၏ ကျန်းမာရေးမထိခိုက်ခြင်း၊ ရေမြောင်းများ၊ချောင်းများ ပိတ်ဆို့မှုမရှိခြင်းနှင့် ရေစီးရေလာကောင်းမွန်၍ ရေလျှံမှုနည်းပါးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အာကာလင်း**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာလမ်းရှိ ယခင်မော်ကွန်းရုပ်ရှင် ရုံးခွဲအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှုကို သွားရောက်ကြည့်ရှု၍ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။**

ရှေးဦးစွာ မော်ကွန်းရုပ်ရှင်ရုံးခွဲ အဆောက်အအုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက မော်ကွန်းရုပ်ရှင်ရုံးခွဲ၏ တည်နေရာအနေအထားနှင့် မြေပိုင်ဆိုင်မှုအခြေအနေ၊ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် လျာထားသည့် အခြေအနေနှင့် အဆောက်အအုံကြီးကို ရှေးမူရှေးဟန်မပျက် ပြင်ဆင်ထိန်းသိမ်းလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအဆောက်အအုံသည် နှစ်ပေါင်း ၁၀၀ ခန့် သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံကြီးဖြစ်သဖြင့် တန်ဖိုးထားထိန်းသိမ်းရန် လိုအပ်မှု၊ အနာဂတ်ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်မှု၊ နိုင်ငံတော်အစိုးရက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုတို့ကို ဆွေးနွေးမှာကြားကာ အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**




မော်ကွန်းရုပ်ရှင် ရုံးခွဲအဆောက်အအုံသည် ၁၉၂၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် အဆောက်အအုံဖြစ်ပြီး ယခင်က မော်ကွန်းရုပ်ရှင်ကားများ ရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လုပ်ခြင်း၊ ရုပ်ရှင်ဇာတ်ကားများ ဆင်ဆာကြည့်ရှုခြင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်နိုင်ရေးအတွက် စိစစ် အကဲဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အဆောက်အအုံဖြစ်သည်။ ယခုအခါ ယင်းအဆောက်အအုံကို စနစ်တကျ ပြင်ဆင်ထိန်းသိမ်း၍ ရုပ်ရှင်ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ရေဘေးသင့်အိမ်ထောင်စုများနှင့် ဘုန်းတော်ကြီးကျောင်းများအား အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းက ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်နေသည့် တိုက်ကြီးမြို့နယ် အဖျောက်မြို့၏ ကျေးရွာများရှိ ရေဘေးသင့် အိမ်ထောင်စုများနှင့် ဘုန်းတော်ကြီး ကျောင်းများသို့ အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့လှူဒါန်းကြပြီး ဒေသခံပြည်သူများကို အားပေးစကားများ ပြောကြားသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ရေပြန်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် အခြေခံပညာမူလတန်းကျောင်းရှေ့တွင် တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး အခြေခံ စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဖျောက်မြို့ ငွေဥဒေါင်းခန်းမ၌ ရေပေါ်သောင်ကျေးရွာ အုပ်စု အလယ်ကင်းကျေးရွာ၊ ရေပြန်ကျေးရွာ၊ မအူကုန်းကျေးရွာ၊ ရေပေါ်သောင်ကျေးရွာရှိ အိမ်ခြေ ၇၂၆ အိမ်၊ အိမ်ထောင်စု ၇၅၃ စုနှင့် အုန်းပင်ကွင်းကျေးရွာ အုပ်စု အုန်းပင်ကွင်းကျေးရွာ၊ ရေလဲကြီးကျေးရွာ၊ သံပုရာကုန်းကျေးရွာ၊ သာရဝေါကျေးရွာ၊ ရေပြန်ကျေးရွာတို့မှ အိမ်ခြေ ၆၈၂ အိမ်၊ အိမ်ထောင်စု ၇၅၉ စုတို့မှ မိသားစုဝင်များနှင့် တွေ့ဆုံပြီး အားပေးစကားများပြောကြား၍ ကျန်းမာရေး ဂရုစိုက်ကြရန်နှင့် လိုအပ်သည်များ မှာကြားပြီး အဆိုပါ အိမ်ထောင်စုများနှင့် ကျေးရွာများ၏ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအတွက် ရေသန့်ဘူး ၃၀၀၀၊ ၂၄ ပြည်ပါဆန် အိတ် ၂၀၀၊ ကြက်ဥ အလုံး ၄၀၀၀၊ ခေါက်ဆွဲခြောက် အထုပ် ၃၀၀၀၊ ရေသန့်ဆေးပြား ၁၀၀၀၀၊ ဓာတ်ဆားထုပ် ၁၀၀၀၊ လက်သန့် ဆေးရည်ဘူးများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဖျောက်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ဆေးရုံတက်ရောက်နေသော လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်၍ ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဝန်ထမ်းများ အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# မွန်ပြည်နယ်အတွင်း ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**မော်လမြိုင် ဇူလိုင် ၁၈**

ရေဘေး၊ မြေပြိုဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များ အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရလေ့ရှိသဖြင့် ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်/ ရှောင်ရန် အချက်များကို သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများအလိုက် သက်ဆိုင်ရာဒေသများအတွင်း လိုက်လံလှည့်လည်၍ အသံချဲ့စက်ဖြင့် ကြေညာနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည်တို့ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ဦးဆောင်၍ မော်လမြိုင်မြို့နယ် ဖက်ခင်းရပ်ကွက်၊ ကျိုက်ဖနဲရပ်ကွက်၊ မရမ်းကုန်းရပ်ကွက်တို့တွင် အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ယခုနှစ် ဇူလိုင်လအတွင်း ဝန်ထမ်းများသည် မွန်ပြည်နယ်၌ ရပ်ကွက်ကျေးရွာပေါင်း ၅၀ တို့ရှိ ပြည်သူများအား လိုက်လံနှိုးဆော်ခြင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အကြိမ် (၂၅) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# (၇၇)နှစ်မြောက် အာဇာနည်နေ့

**မောင်ငြိမ်းအေး**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ဇူလိုင်လ ၁၉ ရက်နေ့တွင် နှစ်ပေါင်း (၇၇)နှစ်ပြည့်ပြီဖြစ်သည်။

လူ၏အသက်ဖြင့် တွက်စစ်လျှင် လူ့သက်တမ်းတစ်ခုမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ အချိန်ကာလကြာခဲ့ပြီဖြစ်သော်လည်း တိုင်းပြည်အနေဖြင့်၊ ပြည်သူတို့အနေဖြင့် ယနေ့ထက်တိုင်အောင် မမေ့နိုင်သေးပါ။ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်နှင့် လူမျိုးအတွက် သူမတူအောင် စွမ်းဆောင်ခဲ့သည့် ဆောင်ရွက်ချက်များ စွဲထင်ကျန်နေသေးသည်။ ဗိုလ်ချုပ်အောင်ဆန်းကို မမေ့နိုင်သလို ဗိုလ်ချုပ်ချမှတ်ခဲ့သည့်လမ်းစဉ်များ၊ မျှော်မှန်းချက်များကို လိုက်နာဆောင်ရွက်ကြပါ၏လားဟု ပြန်လည်ဆန်းစစ်ကြရမည်ဖြစ်သည်။

**ငြိမ်းချမ်းသာယာသည့် လူ့ဘောင်သစ်**

ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ကြီးများ မြတ်သောစွန့်လွှတ်ခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ခန္ဓာ စွန့်လွှတ်ခဲ့ကြပေသည်။ နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့်လွှတ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်တို့၏ ကျေးဇူးသစ္စာကို အောက်မေ့သတိရနေရုံမျှဖြင့်၊ စုရုံးအလေးပြုနေရုံမျှဖြင့်မပြီးပေ။ ဗိုလ်ချုပ်ကို ချစ်မြတ်နိုးလျှင် ဗိုလ်ချုပ်တို့ အသက်စွန့်ယူပေးခဲ့သော မြန်မာနိုင်ငံ၏ လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ ဗိုလ်ချုပ်တို့ တည်ဆောက်ပေးခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အရှည်ခိုင်ခံ့အောင်၊ ဗိုလ်ချုပ်တို့ မျှော်မှန်းခဲ့သည့် တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်သစ် တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအားလုံးတို့အတွက် တော်လှန်ရေးအဆင့်နှစ်ဆင့် ချမှတ်ဆောင်ရွက်သွားခဲ့သည်။ ပထမအဆင့်သည် လုံးဝလွတ်လပ်ရေးဖြစ်ပြီး ဒုတိယအဆင့်သည် ပြန်လည်ထူထောင်ရေး ဖြစ်သည်ဟု



၁၉-၇-၂၀၂၂ ရက်နေ့က (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံတိုင်ဝက်လွှင့်ထူ အလေးပြုကြစဉ်။

"ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးတိုက်ပွဲ" စာမျက်နှာ (၁၁၂) တွင် ဖော်ပြထားသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်လွတ်လပ်ရေး ကြိုးပမ်းမှုလက္ခဏာများကို ဆန်းစစ်ပြီး ပထမအဆင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ပြီးနောက် ဒုတိယအဆင့်သို့ ချီတက်ရမည့် တော်လှန်ရေး၏ တာဝန်သုံးရပ်ကို ချမှတ်ခဲ့သည်။

**အစိုးရနှင့် ပြည်သူများ၏ မိတ်ဆွေ**

ထိုတာဝန်သုံးရပ်မှာ (၁) ဒီမိုကရေစီရေး၊ (၂) လယ်ယာမြေပြုပြင်ရေး၊ (၃) နယ်ချဲ့အမှီအခိုကင်းသည့် စီးပွားရေးထူထောင်ရေးတို့ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပထမအဆင့် လုံးဝလွတ်လပ်ရေးတိုက်ပွဲကာလမှာပင် နယ်ချဲ့လက်ဝေခံ၊ အမျိုးသားသစ္စာဖောက်၊ လူသတ်သမားတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။ ဒုတိယအဆင့် တော်လှန်ရေးတာဝန်ကို မဆောင်ရွက်ခဲ့ရပေ။ သို့သော် ဗိုလ်ချုပ်သည် ကြိုတင်မြော်တွေးထားခဲ့သည်။ မြန်မာပြည်၏ စီးပွားရေးတိုက်ပွဲဟာ ရှည်ကြာမည်၊ ခက်ခဲမည်၊ ပထမအဆင့် နိုင်ငံရေးလွတ်လပ်မှုအတွက် နောက်ဆုံးပြင်ဆင်မှုအတွင်းမှာပင် အနာဂတ်အတွက် တိုင်းပြည်ကာကွယ်ရေးနှင့် စီးပွားရေးအခြေခံများကိုမြော်မြင်ပြီး စတင်အုတ်မြစ်ချထားရမည်ဟု ၁၉၄၇ ခုနှစ် အစောပိုင်းက ပြောကြားထားသည်ကို "အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ" စာမျက်နှာ (၇၇) တွင် ဖော်ပြထားသည်။

ဗိုလ်ချုပ်သည် လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် ပတ်သက်၍ တရားမျှတသော လူ့ဘောင်ကို မျှော်မှန်းခဲ့သည်။ အများအကျိုးကို ရှေးရှုခဲ့သည်။ မျက်ကန်းမျိုးချစ်၊ မျက်ကန်းတော်လှန်ရေးကိုအားမပေး။ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ သူပုန်ထ၊ မီးရှို့နေခြင်းများသည် တော်လှန်ရေးလားဟု ပြောကြားခဲ့သည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားနှင့် ပတ်သက်၍ အထူးသင်ကြားတတ်မြောက်သူများသည် အစိုးရနှင့် ပြည်သူများ၏ မိတ်ဆွေဖြစ်ရမည်ဟု ပြောခဲ့သည်။ စီးပွားရေးနှင့်ပတ်သက်၍ စီမံကိန်းများကို ပြန်လည်စစ်ဆေးပြီး တိုင်းပြည်အကျိုးနှင့် ကိုက်နိုင်သမျှ ကိုက်အောင် ဆောင်ရွက်ရမည်။ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြတော့မည်ဆိုလျှင် National Planning ဟုခေါ်သည့် စီမံကိန်းများနှင့်မလုပ်ဘဲ ဘယ်နည်းနှင့်မျှ တိုင်းပြည်မကြီးပွားနိုင်၊ မထူထောင်နိုင်။ ပဒေသာပင် မြေက မပေါက်နိုင်။ ပဒေသာပင်ပေါက်အောင် အလုပ်လုပ်မှဖြစ်မည်။ လွတ်လပ်ရေးရသော်ငြား လွတ်လပ်ရေးတာဝန် မထမ်းဆောင်ချင်လျှင် လွတ်လပ်ရေး ဒီနေ့ရ၍ မနက်ဖြန် တခြားလက် ပြန်ပါသွားမည်။

**ကမ္ဘာတည်သရွေ့ မမေ့နိုင်စရာ**

ပြန်လည်ထူထောင်ရေး ဖြစ်ဖြစ်၊ ကာကွယ်ရေးဖြစ်ဖြစ် လုပ်သည့်အခါ တိုင်းပြည်လူထုနှင့်ယှဉ်ပြီး ကိုယ်ထိလက်ရောက်ပါဝင်ဖို့၊ တိုင်းပြည်ကာကွယ်ဖို့အတွက် စစ်ထဲဝင်ရမည်၊ ဝင်ပြီးနောက် တိုက်ချင်ချင်၊ မတိုက်ချင်ချင် တိုက်ရမည်။ တစ်တိုင်းပြည်လုံး ကြီးပွားစေချင်လျှင် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေလျှင် အကျိုးရှိမှာမဟုတ်။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မည်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ ထိုညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး တိုင်းပြည်လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် တိုင်းပြည်ပျက်စီးမည် စသည်တို့သည် မြန်မာပြည်အတွက် ဗိုလ်ချုပ်အောင်ဆန်း မြော်တွေးပြောကြားခဲ့သော အနှစ်ချုပ်စကားများဖြစ်သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် အခြယ်လှယ်ခံ၊ သွေးစုပ်ခံဘဝဖြင့် နေခဲ့ရသည်။ သူ့ကျွန်မခံလိုသော မြန်မာတို့သည် ကျူးကျော်သူနယ်ချဲ့တို့ကို အသက်သွေးချွေးတို့ဖြင့် ရင်းနှီးပေးဆပ်ကာ နည်းမျိုးစုံဖြင့် တော်လှန်ခဲ့ကြသည်။ ဤသို့ တော်လှန်ခဲ့ကြသည့် သမိုင်းစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်နှင့် လူမျိုးအပေါ် တာဝန်သိသိ သစ္စာရှိရှိဖြင့် ကိုယ်ကျိုးမဖက် အသက်ကို ပဓာနမထားဘဲ တွန်းလှန်တိုက်ပွဲဝင်ခဲ့သော ကျေးဇူးကြောင့် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုကား မြန်မာပြည်သူတို့အဖို့ ကမ္ဘာတည်သရွေ့ မမေ့နိုင်စရာဖြစ်၍ သတိရကြသည်။ ဝမ်းနည်းကြေကွဲဖြစ်ကြရသည်။

သို့သော် မြန်မာပြည်သူတို့အနေဖြင့် ဤသို့ သတိရရုံ၊ လွမ်းဆွတ်နေရုံ၊ ဝမ်းနည်းကြေကွဲနေရုံဖြင့် မည်သို့မျှ အကျိုးရှိလာမည်မဟုတ်ပေ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဤနေ့ ဤရက်တွင် သတိရဂုဏ်ပြုလေးစားသမှုပြုပြီး ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသည့် လူ့ဘောင်လောကသစ် ဖြစ်ပေါ်လာအောင် ဆက်လက်တည်ဆောက်ကြရမည်။ သို့မှသာလျှင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်များအား ဂုဏ်ပြုရာ၊ သစ္စာစောင့်သိရာ၊ ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ပေသည်။

*စာမျက်နှာ ၇ သို့*

**❖ မျက်မှောက်ကာလတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်လမ်းညွှန်ပေးခဲ့သည့် တာဝန်များကို ဆက်လက်ထမ်းဆောင်နေခြင်းမည်ပါသည်။ ဗိုလ်ချုပ်မျှော်မှန်းချက်များနှင့် ထပ်တူ တိုင်းပြည်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နေပါသည်။ မြန်မာနိုင်ငံတွင် ခွင့်တူညီမျှဝါဒဖြူစင်သည့် ဒီမိုကရေစီနိုင်ငံဖြစ်လာအောင် တည်ဆောက်လျက်ရှိ**

စာမျက်နှာ ၆ မှ

**ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်း**

ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သည့်အတိုင်း တပ်မတော်သည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ သို့သော် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ အာဏာစွဲ ပြည်ပအရှိအရှိလွှမ်းကဲမှုကြောင့် တိုင်းပြည်နှင့် ဒီမိုကရေစီလမ်းကြောင်း ယိမ်းယိုင်သွေဖည်လာသဖြင့် ပြန်လည်တည့်မတ်အောင် တည်ဆောက်ပေးနေခြင်းဖြစ်သည်။ အကယ်၍သာ အာဏာရနိုင်ငံရေးပါတီ အဖွဲ့အစည်းကြီးတစ်ခုသည် နိုင်ငံရေးကျင့်ဝတ်သိက္ခာကို စောင့်စည်းလျက် လက်ခံထားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မဖောက်မပြန် အဖြောင့်အမှန် သွားမြဲသွားနေခဲ့မည်၊ ပြည်ထောင်စုကြီးလည်း ယိမ်းယိုင်ပျက်ပြားမှုမရှိဘဲ ပကတိကြံ့ခိုင်စည်းလုံးလျက်ရှိမည်ဆိုသော် တပ်မတော်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အကြောင်းပေါ်လာမည်မဟုတ်ပေ။

မျက်မှောက်ကာလတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်လမ်းညွှန်ပေးခဲ့သည့် တာဝန်များကို ဆက်လက်ထမ်းဆောင်နေခြင်း မည်ပါသည်။ ဗိုလ်ချုပ်မျှော်မှန်းချက်များနှင့် ထပ်တူ တိုင်းပြည်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နေပါသည်။ မြန်မာနိုင်ငံတွင် ခွင့်တူညီမျှဝါဒဖြူစင်သည့် ဒီမိုကရေစီနိုင်ငံဖြစ်လာအောင် တည်ဆောက်လျက်ရှိပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီစနစ် တည့်မတ်မှန်ကန်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ရှေ့လုပ်ငန်းစဉ် ပထမအချက်ဖြစ်သည့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် လုံခြုံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်ပနိုင်ငံအချို့က အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကူအညီများပေးလျက်ရှိသည်။ လက်ဝေခံ အကြမ်းဖက်အဖွဲ့များက တိုင်းပြည်ကို ဖျက်ဆီးလျက်ရှိသည်။ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။

တိုင်းပြည်လုံခြုံရေးအတွက် အချို့ဒေသများတွင် ငြိမ်းချမ်းမှုကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပြီး သောင်းကျန်းသူများထံ ပေးပို့မည့် လက်နက်ခဲယမ်းများကို တားဆီးပိတ်ဆို့နိုင်ခဲ့သည်။ တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် မြို့ရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ သောင်းကျန်းသူများသည် ၎င်းတို့လက်လွှတ်ခဲ့ရသည့် မြို့ရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်စည်းစိမ်များ ပျက်စီးအောင် ရက်စက်ယုတ်မာစွာ လုပ်ကိုင်ခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ဒီမိုကရေစီလမ်းကြောင်းကို သွေဖည်ပြီး နယ်မြေအလိုက် အာဏာထူထောင်ရေး လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

**ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးကိုသာ မျက်ခြည်မပြတ် ဆောင်ရွက်**

နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေး အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ နိုင်ငံ၏ GDP လည်း တိုးတက်လာပြီး ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နေချိန်တွင် အချို့ပြည်ပနိုင်ငံများနှင့်အဖွဲ့အစည်းများက အကြောင်းအမျိုးမျိုးဖြင့် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ကြသည်။ အလားတူ နယ်စပ်ကုန်သွယ်ရေးကို ထိခိုက်စေရန်အတွက် အကြမ်းဖက်သမားများက နယ်စပ်ဒေသများတွင် တိုက်ပွဲများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သည်။ ယခင်က စီးပွားရေးပိတ်ဆို့မှုများ၊ ဘဏ္ဍာစနစ်ပြိုလဲအောင် လုပ်ဆောင်မှုများ၊ ငွေကြေး ကမောက်ကမဖြစ်အောင် လုပ်ဆောင်မှုများရှိခဲ့သည်။ ယခုလည်း အဆိုပါ အနှောင့်အယှက်များရှိနေဆဲဖြစ်သည်။

တိုင်းပြည် ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း ဆောင်ရွက်လျက်ရှိသည်။ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ယာယီအပစ်အခတ်ရပ်စဲရန် သဘောတူထားသည့် လက်နက်ကိုင်အဖွဲ့အချို့သည် သဘောတူညီချက်များ ချိုးဖောက်လာသည်ကို တွေ့ရသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံ ဖြစ်သည့်အတွက် ပြည်ထောင်စုအကျိုးကို ကြည့်၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပြီး ခုခံကာကွယ်သည်မှအပ ၎င်းတို့၏ စခန်းများကို တိုက်ခိုက်ခြင်းမပြုခဲ့ပေ။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးကိုသာ မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ အနာဂတ် မြင့်မားတိုးတက်လာရေးအတွက် ပညာရေးကို မြှင့်တင်အားပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရပညာရေးကို အကောင်အထည်ဖော်လျက်ရှိပြီး KG+12 အထိ ကျောင်းသုံးလိုအပ်ချက်များကို ထောက်ပံ့ပေးလျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) တို့ရှိ ကျောင်းများ မဖွင့်လှစ်နိုင်သေးသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ မဖွင့်ရသေးသည့်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်ပြီးကျောင်းများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

> ■ **တည်ငြိမ်အေးချမ်းသော ဒေသများရှိ ပြည်သူများအနေဖြင့် သာသာယာယာ နေထိုင်ကြရသော်လည်း မတည်ငြိမ်၊ မအေးချမ်းသောဒေသများရှိပြည်သူများမှာ အခွင့်အရေးများ ဆုံးရှုံးနေသည်။ အတိဒုက္ခများ ခံစားနေရသည်။ ဗိုလ်ချုပ်ပြောကြားသကဲ့သို့ တစ်တိုင်းပြည်လုံး ကြီးပွားစေချင်လျှင် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေလျှင် အကျိုးရှိမည်မဟုတ်ပါ။ တိုင်းပြည်အကျိုးအတွက် ဝိုင်းဝန်းလက်တွဲ စုပေါင်းအလုပ်လုပ်ကြမှသာ အကျိုးရှိမည်**

နိုင်ငံတော်၏ လက်ရှိရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့်အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး မဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်ရေးကို ဆောင်ရွက်လျက်ရှိသည်။ လူဦးရေနှင့် အိမ်ထောင်စုစာရင်းကောက်ယူရေးကို ယခုနှစ် အောက်တိုဘာလတွင် ပြုလုပ်သွားမည်ဖြစ်ရာ သန်းခေါင်စာရင်းများ အပြည့်အဝ ကောက်ယူနိုင်မှသာ မှန်ကန်သည့် မဲစာရင်းများရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာ ပြုလုပ်နိုင်မည်ဖြစ်သည်။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ပေါ်ထွက်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် လမ်းစဉ်အတိုင်း ဆက်လက်ဖော်ဆောင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲ၊ အနှောင့်အယှက်နှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့လျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို ကြည့်လျှင် လွတ်လပ်ရေးရပြီးသည့်ကာလမှစ၍ ယနေ့ထက်တိုင်အောင် ခယောင်းလမ်းကို ဖြတ်ကျော်နေရဆဲဖြစ်သည်။ အချိုးအဆစ် အကွေ့အကောက် အတက်အကျ အပြောင်းအလဲများနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့် မျှော်မှန်းခဲ့သည့်ပန်းတိုင်နှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ ယနေ့နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့်လမ်းစဉ်အတိုင်း ဆက်လက်ဖော်ဆောင်နေခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို နှမြောတသသည်ဆိုလျှင်၊ သတိရအောက်မေ့သည်ဆိုလျှင်၊ တန်ဖိုးထားလေးစားသည်ဆိုလျှင် လမ်းညွှန်ပြသပေးခဲ့သည့်အတိုင်း ယနေ့နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို အဘက်ဘက်က ဝိုင်းဝန်းနှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ် ထိခိုက်ဆုံးရှုံးပျက်စီးကြရသည်ကို စိတ်မကောင်းဖွယ် တွေ့ရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သလို ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ တိုက်ခိုက်၊ မီးရှို့ဖျက်ဆီးနေခြင်းများသည် တော်လှန်ရေးလုပ်နေခြင်း မဟုတ်ပေ။ တိုင်းပြည်နှင့် လူမျိုးကို ဖျက်ဆီးနေခြင်းသာဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်သက်သက်သာ ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်ကြရသလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ၊ အရင်းအမြစ်များ ပျက်စီးဆုံးရှုံးရသည်။ တိုင်းပြည်စီးပွားတိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အဟန့်အတားဖြစ်စေသည်။ ပြည်သူတို့၏ ဆန္ဒဖြစ်သည့်၊ နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးကို ခက်ခဲကြန့်ကြာနှောင့်နှေးမှုများ ဖြစ်စေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရသည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးရပင်ရငြားသော်လည်း လွတ်လပ်ရေးအသီးအပွင့်များကို ပြည်သူအားလုံး တန်းတူညီမျှ အခွင့်အရေး မခံစားကြရသေးပေ။ တည်ငြိမ်အေးချမ်းသော ဒေသများရှိ ပြည်သူများအနေဖြင့် သာသာယာယာ နေထိုင်ကြရသော်လည်း မတည်ငြိမ်၊ မအေးချမ်းသောဒေသများရှိပြည်သူများမှာ အခွင့်အရေးများ ဆုံးရှုံးနေသည်။ အတိဒုက္ခများ ခံစားနေရသည်။ ဗိုလ်ချုပ်ပြောကြားသကဲ့သို့ တစ်တိုင်းပြည်လုံး ကြီးပွားစေချင်လျှင် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေလျှင် အကျိုးရှိမည်မဟုတ်ပါ။ တိုင်းပြည်အကျိုးအတွက် ဝိုင်းဝန်းလက်တွဲ စုပေါင်းအလုပ်လုပ်ကြမှသာ အကျိုးရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသာယာဝပြောရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည့် တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး ထိုညီညွတ်ရေးနှစ်ခုကို မဖြစ်မနေလုပ်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှု တက်ကြွသည့်အားမာန်များဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် အောက်ကျနောက်ကျ အနှိမ်ခံ၊ အပယ်ခံ၊ အထင်သေးခံဘဝသို့မရောက်ဘဲ ဝင့်ထည်မော်ကြွားကာ ထည်ထည်ဝါဝါ၊ တစ်စုတစ်စည်းတည်း ရပ်တည်နေထိုင်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ Yun Nadi Oo Training Center သို့သွားရောက်၍ အခြေခံမော်တော်ယာဉ်စက်ပြင်သင်တန်းဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးရာ သင်တန်းကျောင်းတာဝန်ခံက အခြေခံမော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် အဆင့်မြင့်မော်တော်ယာဉ်စက်ပြင်သင်တန်းများ ဖွင့်လှစ်ခဲ့မှု၊ သင်တန်းသားများ တက်ရောက်ခဲ့မှုနှင့် ရရှိမည့်အခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အလုပ်အကိုင်ရှာဖွေလိုသူ လူငယ်လူရွယ်များအနေဖြင့် ယခုကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်သည့် သက်မွေးပညာသင်တန်းများ တက်ရောက်ခြင်းဖြင့် ဝင်ငွေတိုးမြင့်ရရှိလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် သင်တန်းများကို စဉ်ဆက်မပြတ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားစေလိုကြောင်း၊ သင်တန်းအရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်တန်းနည်းပြများကို ခေတ်နှင့်လျော်ညီသော အတတ်ပညာများဖြင့် သင်ကြားပို့ချနိုင်ရေး ဘဝတစ်သက်တာ သင်ယူလေ့လာမှုလမ်းစဉ်နှင့်အညီ အမြဲမပြတ် လေ့လာစေလိုကြောင်း မှာကြားပြီး **(အပေါ်ပုံ)** သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပြည်ပနိုင်ငံများသို့ သွားရောက်မည့် အလုပ်သမားများအတွက် ကျန်းမာရေးစစ်ဆေးပေးသည့် သုခမင်္ဂလာဆေးခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်၍ ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ပနိုင်ငံများသို့ သွားရောက်မည့် အလုပ်သမားများအတွက် သွားရောက်မည့်နိုင်ငံများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများ၊ လုပ်ငန်းခွင်အတွင်း ဆောင်ရန်၊ ရှောင်ရန်အချက်များ သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များ(သို့မဟုတ်) မိမိ၏ မြန်မာနိုင်ငံရှိ ငွေစာရင်းများသို့ တရားဝင်ဘဏ်စနစ်မှတစ်ဆင့် လွှဲပို့နိုင်ရေး ဆောင်ရွက်ရမည့်အချက်များ၊ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း မဖြစ်မနေ ပေးဆောင်ကြရန်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သင်တန်းကျောင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မြောက်ဒဂုံ)အနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၄ ရက်မှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်အထိ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမား ၁၆၉၂၇၁ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး ဇူလိုင် ၁၈**

ဒေသအခက်အခဲကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရောက်ရှိနေသော ကယားပြည်နယ်မှ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျောင်းကြီးစုရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာအလင်္ကာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့(အဖွဲ့ဝင်) ဦးစောဒန်နီယယ်၊ ရှမ်းပြည်နယ် ပညာရေးမှူးရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ (အဖွဲ့ဝင်) ဦးစောဒန်နီယယ်က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ထူးချွန်အောင် ဆက်လက်ကြိုးစားပြီး အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။




ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့(အဖွဲ့ဝင်) ဦးစောဒန်နီယယ်နှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ လေးဦး တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကယားပြည်နယ် ပညာရေးမှူးက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုကိုတင်ပြပြီး ခြောက်ဘာသာ ဂုဏ်ထူးရ ကျောင်းသူ မဇွန်ဖြူဖြူသော်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

အင်းစိန်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက အင်းစိန် အထက (၆) ပညာတံခွန်ခန်းမ၌ ကျင်းပသည်။



ဦးစွာ အထက(၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဟန်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်ဓာတ်ပုံပြပွဲနှင့် စာအုပ်လှူဒါန်းပွဲပြုလုပ်ရခြင်းအကြောင်း ပြောကြားကာ စာရေးဆရာ၊ သတင်းစာဆရာ (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က "အာဇာနည်နေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊စာရေးဆရာ ရန်မိုးအောင် (အင်းစိန်) က "အာဇာနည်မျိုး သေရိုးမရှိ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် စာရေးဆရာ၊ သတင်းစာဆရာ (ဒေါက်တာ ဗိုလ်သံမဏိ – တောင်တွင်းကြီး)က ကျောင်းစာကြည့်တိုက်အတွက် ဗဟုသုတရဖွယ် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ခရိုင် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၃၀)အ.ထ.က ကျောင်း၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲနှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းကို ဇူလိုင် ၁၈ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

(၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စကားဝိုင်းကို ဇူလိုင် ၁၅ ရက်က ကရင်ပြည်နယ် ဖာပွန်မြို့နယ် အ.ထ.က (ကမမောင်း) ကျောင်းနှင့် လှိုင်းဘွဲမြို့နယ် အ.ထ.က (မြိုင်ကြီးငူ) ကျောင်းတို့၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးနိုင်ဝင်းအောင် တက်ရောက်ဆွေးနွေးစဉ်။ (ခရိုင် ပြန်/ဆက်)



- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး



ရန်ကုန် ဇူလိုင် ၁၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုများနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသည့်အတွက် လတ်တလောတွင် စတင်ထိန်းချုပ်နိုင်သောအခြေအနေရောက်ရှိပြီဖြစ်ကြောင်း၊ "လူ့အသက်ထက် အရေးကြီးသော အရာမရှိ" ဟူသော နိုင်ငံတော်၏ မူဝါဒနှင့်အညီ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကဲ့သို့သော ကူးစက်မြန်ရောဂါ ထိန်းချုပ်ရေး၊ မိုခါမုန်တိုင်းနောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင်ဖြစ်ပွားမှု မရှိစေရေးတို့ကို နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်မှု သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပြည်သူလူထု၏ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံနှင့် မှတ်တမ်းများရှိပါကြောင်း၊ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးနှင့် လူနေမှုစနစ်များ ဖန်တီးတည်ဆောက်နိုင်ရန် အားလုံးတက်ညီလက်ညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု အခြေအနေ၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပနိုင်ရေး သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပနိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်သူများ စိတ်ပါဝင်စားလာစေရေး အတွက် အမျိုးသားအားကစားပွဲတော်နှင့် ဂုဏ်ပြုအစီအစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာအပါအဝင် နိုင်ငံပိုင်မီဒီယာများမှ ပွဲတော် မတိုင်မီကာလတွင် ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်ထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ပွဲတော်ကာလအတွင်း ပြိုင်ပွဲယှဉ်ပြိုင်မှုများကို နိုင်ငံပိုင်မီဒီယာများနှင့် ပြင်ပမီဒီယာများ၊ အားကစားမီဒီယာများမှ အချိန်မီသတင်းထုတ်ပြန်နိုင်ရေးနှင့် မှတ်တမ်းတင်ရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ရန်၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်ရန်၊ နေ့စဉ် သတင်းလွှာထုတ်ဝေရန်နှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမှုမှတ်တမ်းပြုစု ဆောင်ရွက်ရန်၊ အားကစားသမားများ တည်းခိုနေထိုင်မည့်နေရာ၌ စာအုပ်စာစောင်စုံလင်စွာဖြင့် စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင် ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှု၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ အားကစားပြိုင်ပွဲများ နေရာအလိုက် ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ သတင်းရယူထုတ်လွှင့်ဖော်ပြမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အားကစားသမားများ တည်းခိုနေထိုင်ရာနေရာ၌ စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင် ဖွင့်လှစ်နိုင်ရေး၊ သတင်း၊ ဆောင်းပါး၊ အင်တာဗျူးများ ဖော်ပြနိုင်ရေး၊ ပွဲတော်ကျင်းပနေစဉ် သတင်းလွှာထုတ်ဝေနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ ဖိတ်ကြားနိုင်ရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး စသဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**



**မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း နေထိုင်သူများ အတည်ပြုလူဦးရေစာရင်းမှန်ကန်စေရေး အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းများရေးသွင်းခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဇူလိုင် ၁၆ ရက်က ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးရဲမင်းလွင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။**

မြို့နယ်(ပြန်/ဆက်)

# စင်ကာပူမြန်မာသံရုံး မြန်မာနိုင်ငံသား ၂၀၀ အား နိုင်ငံကူးလက်မှတ်သက်တမ်းတိုးပေးမည်

**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာနိုင်ငံသား နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် အထူးအစီအစဉ်ဖြင့် စာရင်းပေးသွင်းထားပြီး ကျန်ရှိနေသူများအနက်မှ ၂၀၀ ကို ဇူလိုင် ၂၁ ရက်တွင် ဒုတိယအကြိမ် အထူးအစီအစဉ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူမြန်မာသံရုံးက ထုတ်ပြန်ကြေညာထားသည်။

အမည်စာရင်းတွင် ပါဝင်သူများအနေဖြင့် လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံစွာယူဆောင်၍ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာသံရုံးသို့ လာရောက်၍ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးနိုင်ရေး အသိပေးထားသည်။

ဒုတိယအကြိမ် အထူးအစီအစဉ်ဖြင့် သက်တမ်းတိုးခွင့်ရသည့် နိုင်ငံကူးလက်မှတ်များကို ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီတွင် မြန်မာသံရုံး၌ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူမြို့ မြန်မာသံရုံး၌ ဇွန် ၂၃ ရက်က မြန်မာနိုင်ငံသား ၃၀၀ ၏ နိုင်ငံကူးလက်မှတ်များကို သက်တမ်းတိုးအထူးအစီအစဉ် ပထမအကြိမ် ဆောင်ရွက်ပေးခဲ့သည့်အပြင် ယင်းနေ့တွင် သက်တမ်းတိုးဆောင်ရွက်ခွင့်မရရှိခဲ့သည့် မြန်မာနိုင်ငံသား ၄၀၀ အား နေ့စဉ်ရုံးဖွင့်ရက်များ၌ သက်တမ်းတိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

အထူးအစီအစဉ်တွင် ပါဝင်ခွင့်မရသည့်တိုင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးဆောင်ရွက်လိုသူများသည် မြန်မာသံရုံး၏ WhatsApp နံပါတ် + ၆၅ ၈၂၄၆၈၅၈၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် ပုံမှန်ရုံးဖွင့်ရက်များအတွင်း သက်တမ်းတိုးခွင့်ရရှိသူများ၏ အမည်စာရင်းကို အပတ်စဉ်သောကြာနေ့ သံရုံးဝက်ဘ်ဆိုဒ် http://www.myanmarembassy.sg ၌ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

မြန်မာသံရုံးအနေဖြင့် မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှု ကုမ္ပဏီ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့ကိုမျှ ဝန်ဆောင်မှုဆောင်ရွက်ခွင့် ပေးထားခြင်းမရှိပါကြောင်း၊ မြန်မာသံရုံးအမည်ဖြင့် Facebook Messenger၊ Instagram စသည့်လူမှုကွန်ရက်များဖြင့် online appointment ဝန်ဆောင်ခရယူဆောင်ရွက်ပေးခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံသားများထံမှ အခကြေးငွေရယူ၍ online appointment ဆောင်ရွက်နေသူများအား အထူးသတိပြုကြပါရန် အသိပေးထားသည်။ **သတင်းစဉ်**

# စိုက်ပျိုးမွေးမြူရေးကို အလေးထား နိုင်ငံ့ GDP တိုးပွား

**နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာမှာ GDP နဲ့တိုင်းတာကြပါတယ်။ GDP ဆိုတာ Gross Domestic Product – GDPဖြစ်ပြီး အဓိပ္ပာယ်က စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးဖြစ်ပါတယ်။ လူတိုင်းနားလည်လွယ်အောင်ပြောရမယ်ဆိုရင်တော့ နိုင်ငံတစ်ခုက ထုတ်လုပ်လိုက်တဲ့ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေရဲ့ ငွေကြေးတန်ဖိုးပဲဖြစ်ပါတယ်။ ဒါကို နှစ်အလိုက် သူတို့သတ်မှတ်ထားတဲ့ ကာလအပိုင်းအခြားတစ်ခုမှာ တိုင်းတာလေ့ရှိပါတယ်။**

*အေးကျော်(ရှုပဗေဒ)*




အဲဒီလိုတိုင်းတာတဲ့အခါမှာ လယ်ယာကဏ္ဍကြီး (Agriculture Sector)၊ စက်မှုကဏ္ဍကြီး ( Industry Sector) နဲ့ ဝန်ဆောင်မှုကဏ္ဍကြီး (Services and Trade Sector) စတဲ့ ကဏ္ဍကြီး သုံးမျိုးနဲ့ တန်ဖိုးတွေကို စုဆောင်းတွက်ချက်တာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍကြီးတွေမှာတော့ လယ်ယာ၊ သားငါးနဲ့ သစ်တောကဏ္ဍတို့ပါဝင်ပါတယ်။ စက်မှုကဏ္ဍကြီးမှာတော့ စွမ်းအင်၊ သတ္တုနဲ့ တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍမှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုဆိုတဲ့ ကဏ္ဍတို့ပါဝင်ကြောင်း ပြည်သူတွေ သိရှိနိုင်စေဖို့ ဗဟုသုတအနေနဲ့လည်း မျှဝေပေးချင်ပါတယ်။

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်ခြင်း သို့မဟုတ် ဆုတ်ယုတ်ခြင်းဟာ စားသုံးသူ၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအသုံးစရိတ်နဲ့ ပို့ကုန်သွင်းကုန်စတဲ့ အကြောင်းအရာတွေပေါ်မှာ မူတည်ပါတယ်။ အထူးသဖြင့် ပို့ကုန်သွင်းကုန် (Exports and Imports) တို့ဟာ အဓိကပဲဖြစ်ပါတယ်။ နိုင်ငံခြားသို့ တင်ပို့မှုတွေဟာ နိုင်ငံရဲ့ဝင်ငွေကို တိုးစေပြီး သွင်းကုန်တွေကတော့ နိုင်ငံရဲ့လိုအပ်ချက်တွေကို ပြည်ပမှတင်သွင်းခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ သွင်းကုန်တွေကို နိုင်ငံတွင်းမှာပဲ ထုတ်လုပ်နိုင်တယ်ဆိုရင် ပြည်ပက တင်သွင်းရတဲ့ သွင်းကုန်တွေ လျော့ကျလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကထုတ်ကုန်တွေ ပြည်ပသို့ များများတင်ပို့နိုင်တဲ့အခါ နိုင်ငံအတွင်းသို့ ငွေကြေးစီးဝင်မှု များလာမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ပို့ကုန်များပြီး သွင်းကုန်နည်းမယ်ဆိုရင် နိုင်ငံရဲ့ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့သဘောပဲဖြစ်ပါတယ်။

ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့အခါ နိုင်ငံတစ်ခုရဲ့ GDP ဟာ တိုးတက်လာပါတယ်။ ဝင်ငွေနည်းပြီး ထွက်ငွေများလာရင်တော့ နိုင်ငံတစ်ခုရဲ့ GDP ဟာ လျော့နည်းလာမှာဖြစ်ပါတယ်။ ဒါဟာ GDP တိုးတက်တာ၊ လျော့နည်းတာကို ဘယ်လိုသိရှိနိုင်မလဲဆိုတာကို လူတိုင်းသိနိုင်အောင် နားလည်အလွယ်ဆုံးနည်းနဲ့ ပြောပြပေးတာဖြစ်ပါတယ်။

**ကာကွယ်ရေးအားနဲ့ နိုင်ငံရေးအားကို ယှဉ်တွဲတည်ဆောက်နိုင်**

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်လာတဲ့အခါ အဲဒီနိုင်ငံရဲ့ စီးပွားရေးအားကောင်းမွန်လာပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လန်းလာပါတယ်။ အလုပ်လက်မဲ့အရေအတွက်ကို လျှော့ချပေးနိုင်တဲ့အတွက် ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေလည်း တိုးလာမှာဖြစ်ပါတယ်။ ဝင်ငွေတိုးလာတဲ့အခါ ပညာရေး၊ ကျန်းမာရေး စတဲ့ လူနေမှုအဆင့်အတန်းတွေကလည်း မြင့်တက်လာတယ်။ စီးပွားရေးကောင်းတဲ့နိုင်ငံတစ်ခုမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေလည်း ဝင်ရောက်လာနိုင်တယ်။ နိုင်ငံတကာအလယ်မှာ စီးပွားရေးအားကောင်းမွန်တဲ့ နိုင်ငံအဖြစ် မျက်နှာပန်းပွင့်လာတဲ့အခါ စီးပွားရေးနဲ့အတူ ကာကွယ်ရေးအားနဲ့ နိုင်ငံရေးအားကိုပါ တိုးတက်ကောင်းမွန်အောင် ယှဉ်တွဲတည်ဆောက်နိုင်မယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာလည်း ပိုမိုအဆင်ပြေလာပြီး နိုင်ငံရဲ့အရေးပါ အရာရောက်မှုဟာ ကမ္ဘာ့အလယ်မှာ နေရာတစ်နေရာရလာနိုင်တယ်။ ခြုံပြောရရင် GDP ကောင်းတဲ့နိုင်ငံတစ်ခုဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေး အစစအရာရာမှာ သာလွန်ကောင်းမွန်လာမှာဖြစ်ပါတယ်။

**ပြည်တွင်းစားသုံးဆီ တင်သွင်းနေရမှုကို လျှော့ချနိုင်**

ဥပမာ မြန်မာနိုင်ငံမှာဆိုရင်လည်း စက်သုံးဆီ၊ စားသုံးဆီနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေရှိနေတာကြောင့် နှစ်စဉ်ပြည်ပကနေ တင်သွင်းနေရတာတွေရှိပါတယ်။ စက်သုံးဆီသုံးစွဲမှုမှာ ကိုယ်ပိုင်ယာဉ်တွေကို မလိုအပ်ဘဲ မသုံးစွဲဘူး။ ခရီးသည်တင်ယာဉ်တွေကိုသာ အသုံးပြုမယ်ဆိုရင် စက်သုံးဆီလိုအပ်မှုကို လျှော့ချနိုင်မယ်၊ လေထုညစ်ညမ်းမှုကိုလည်း လျှော့ချနိုင်မယ်၊ နိုင်ငံအတွင်း ယာဉ်ကြောပိတ်ဆို့မှုတွေကလည်း ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက လိုအပ်တဲ့ စက်သုံးဆီကို အစားထိုးစက်သုံးဆီတွေနဲ့ ဖြည့်ဆည်းနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ အိန္ဒိယနိုင်ငံမှာဆိုရင် ကြက်ဆူပင်ကထွက်တဲ့ ဘိုင်အိုဒီဇယ်ကို သူ့နိုင်ငံမှာ ငါး ရာခိုင်နှုန်း ရောစပ်သုံးစွဲဖို့ မူဝါဒချမှတ်ထားခြင်းနဲ့ နိုင်ငံခြားမှ စက်သုံးဆီတင်သွင်းနိုင်မှုကို တစ်ဖက်တစ်လမ်းက လျှော့ချထားတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း အရင်က ကြက်ဆူပင်ကနေ ဘိုင်အိုဒီဇယ်ကို ထုတ်လုပ်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှု မရှိခဲ့ပါဘူး။ ဒီလိုပဲ စားသုံးဆီအနေနဲ့ ပြည်တွင်းမှာ ဆီထွက်သီးနှံတွေကို ပန်းတိုင်အထွက်နှုန်း ပြည့်ဝအောင် ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်းစားသုံးဆီ ဖူလုံမှုကိုဖြစ်စေပြီး ပြည်ပကတင်သွင်းနေရမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံရဲ့ စီးပွားရေး အခြေအနေအကြောင်းကိုလည်း သိရှိထားဖို့ လိုအပ်တဲ့အတွက်ကြောင့် စာရေးသူတို့နိုင်ငံရဲ့ GDP ဟာ အရှေ့တောင်အာရှနိုင်ငံတွေမှာဆိုရင် အဆင့်ဘယ်လောက်နဲ့ ရပ်တည်နေတယ်ဆိုတာကို ပြည်သူတွေသိအောင် မျှဝေပေးသွားပါမယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ထုတ်ပြန်ချက်တွေအရ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံရဲ့ GDP ဟာ ၃ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်ရဲ့ GDP ဟာ ခန့်မှန်း ၃ ဒသမ ၅ ရာခိုင်နှုန်းရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံဟာ ပထမနေရာမှာ ရပ်တည်နေပြီး မြန်မာနိုင်ငံကတော့ သတ္တမနေရာနဲ့ လာအိုနိုင်ငံကတော့ ဒသမနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်တွေကို အောင်မြင်အောင်ထုတ်လုပ်နိုင်တဲ့ အခြေခံကောင်းတွေကို ပိုင်ဆိုင်ထားရှိတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတကာမှာ စားရေရိက္ခာလုံခြုံရေး (Food Security) ကိုများစွာ အထောက်အကူပြုနိုင်တဲ့နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့စားသောက်ကုန်တွေ၊ လူသုံးကုန်တွေကို ဒေသထွက်ကုန်ကြမ်းတွေ အသုံးပြုပြီး အရည်အသွေးမြင့်ထုတ်လုပ်ကာ ဒေသတွင်းစီးပွားရေးကနေ တစ်နိုင်ငံလုံး စီးပွားရေးအထိ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရပါမယ်။ ဒါ့အပြင် စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အပြင် အဲဒီလို အဓိကထားနိုင်လောက်အောင်လည်း ရေခံမြေခံကောင်း များစွာကို ပိုင်ဆိုင်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးကို အခြေခံပြီး နိုင်ငံ GDP တိုးတက်ဖို့အတွက် ဦးတည်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ဆန်၊ စပါးကို အဓိကထားထုတ်လုပ်တဲ့နိုင်ငံတစ်ခု**

မြန်မာနိုင်ငံဟာ အဓိကအားဖြင့် ဆန်၊ စပါးကို အဓိကထားစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် ဆန်စပါးကို အထွက်နှုန်းတိုးအောင် စိုက်ပျိုးနိုင်ဖို့လည်း လိုအပ်ပါတယ်။ ခေတ်အဆက်ဆက်အစိုးရတို့ဟာ စပါးအထွက်နှုန်းတိုးတက်စေဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ စာရေးသူတို့နိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၄ သန်းကျော်ရှိပါတယ်။ မိုးစပါး တစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းဟာ တင်း ၁၀၀ ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၂၃–၂၀၂၄ ခုနှစ် အထွက်နှုန်းမှာတော့ ပျမ်းမျှအထွက်နှုန်းဟာ ၇၈ တင်းကျော်ပဲရှိပါတယ်။ ဒါဟာ ပန်းတိုင်ရည်မှန်းချက်ထက် ၂၂ တင်း ခန့်လျော့နည်းခဲ့တာဖြစ်ပါတယ်။ တွက်ကြည့်လိုက်ရင် တစ်ဧကကို ၂၂ တင်းနဲ့ ဧက ၁၄ သန်းအတွက် သန်း ၃၀၀ ကျော် လျော့နည်းထွက်ရှိခဲ့တာ ဖြစ်ပါတယ်။ ငွေနဲ့တန်ဖိုးသင့်လိုက်ရင်တော့ ငွေကျပ်ဘီလီယံ ၇၀၀၀ ခန့်လောက် လျော့နည်းခဲ့တာ တွေ့ရပါတယ်။ စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့ပြီး အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဟာ စိုက်ပျိုးရေးထုတ်ကုန်တွေ တိုးတက်စေတဲ့နည်းလမ်းတွေဖြစ်ပါတယ်။ ဒီနည်းလမ်း သုံးမျိုးထဲကမှ စာရေးသူတို့နိုင်ငံဟာ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်တာနဲ့ သီးထပ်စွမ်းအားတိုးချဲ့တာကို အဓိကထားဆောင်ရွက်နေတာဖြစ်ပါတယ်။ ပန်းတိုင်ရည်မှန်းချက်ဆိုရာမှာလည်း မဖြစ်နိုင်တဲ့ ကိန်းဂဏန်းအရေအတွက်ကို ပေးထားတာမဟုတ်ဘဲ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံရဲ့ သီးနှံထွက်နှုန်းတွေကို နှိုင်းယှဉ်သုံးသပ်ပြီး သေချာစနစ်တကျ နှိုင်းယှဉ်တွက်ချက်၍ ပေးထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးသီးနှံတွေကို တစ်ဧကအထွက်နှုန်းတွေတိုးတက်ပြီး ပန်းတိုင်အထွက်နှုန်းအတိုင်း ပြည့်မီအောင်ဆောင်ရွက်ရမှာဖြစ်တဲ့အပြင် သီးထပ်စွမ်းအားတွေ တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့လိုပါတယ်။ ငွေအရင်းအနှီးတတ်နိုင်သူတွေဟာလည်း စိုက်ပျိုးရေးကဏ္ဍကြီးမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်မယ်ဆိုရင် နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကြီးကလည်း တိုးတက်လာသလို နိုင်ငံ့စီးပွား၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများစွာလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးသီးနှံတွေ ပန်းတိုင်အထွက်နှုန်း ပြည့်မီဖို့ဆိုရင် အဓိကလိုအပ်တာက မိရိုးဖလာစိုက်နည်းစနစ်တွေသာမကဘဲ ခေတ်မီနည်းစနစ်တွေနဲ့ အညီ စိုက်ပျိုးနိုင်ဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အကြီးအကဲ အမှာစကားပြောကြားတိုင်း ပြောနေကျ စကားစုလေးကိုလည်း မှတ်သားမိပါတယ်။

*စာမျက်နှာ ၁၁ သို့*

> **"နိုင်ငံတစ်ခုရဲ့ GDP တိုးတက်လာတဲ့အခါ အဲဒီနိုင်ငံရဲ့ စီးပွားရေးအားကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လန်းလာပါတယ်။ အလုပ်လက်မဲ့အရေအတွက်ကို လျှော့ချပေးနိုင်တဲ့အတွက် ပြည်သူတစ်ဦးချင်းစီရဲ့ဝင်ငွေလည်း တိုးလာမှာဖြစ်ပါတယ်။ ဝင်ငွေတိုးလာတဲ့အခါ ပညာရေး၊ ကျန်းမာရေး စတဲ့လူနေမှုအဆင့်အတန်းတွေကလည်း မြင့်တက်လာတယ်။ စီးပွားရေးကောင်းတဲ့နိုင်ငံတစ်ခုမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းတွေလည်း ဝင်ရောက်လာနိုင်တယ်။ နိုင်ငံတကာအလယ်မှာ စီးပွားရေးအားကောင်းမွန်တဲ့ နိုင်ငံအဖြစ် မျက်နှာပန်းပွင့်လာတဲ့အခါ စီးပွားရေးနဲ့အတူ ကာကွယ်ရေးအားနဲ့ နိုင်ငံရေးအားကိုပါ တိုးတက်ကောင်းမွန်အောင် ယှဉ်တွဲတည်ဆောက်နိုင်မယ်"**

*စာမျက်နှာ ၁၀ မှ*

အဓိကလည်းကျသလို စနစ်တကျ အသုံးချတတ်ဖို့လည်း လိုအပ်ပါတယ်။ မျိုးကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိအောင် ဖန်တီးပေးနိုင်ရေး၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေးနဲ့ ခေတ်မီသင့်လျော်တဲ့ သွင်းအားစုမြေဩဇာတွေကို ရရှိအောင် ဖန်တီးပေးရေး၊ စိုက်ပျိုးရေး ရေနဲ့အောင်ရေကို ဖူလုံစွာဖန်တီးပေးနိုင်ရေး၊ စိုက်နည်းစနစ်တွေ မှန်ကန်မှုရှိစေရေးနဲ့ ခေတ်မီနည်းစနစ်တွေကို အသုံးပြုနိုင်ရေးဆိုတဲ့ မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့အချက် လေးချက်ဖြစ်ပါတယ်။

## ပန်းတိုင်အထွက်နှုန်း ကျော်လွန်အောင် ကြိုးစားကြရမှာဖြစ်

ဒီလေးချက်နဲ့အညီ ဆောင်ရွက်နိုင်ဖို့က နိုင်ငံတော်အစိုးရရဲ့ ကဏ္ဍစုံကနေ ပံ့ပိုးမှုတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသူတွေရဲ့ အားကြိုးမာန်တက် လိုက်ပါလုပ်ဆောင်နိုင်စွမ်းတွေ၊ ခေတ်မီသွင်းအားစုတွေကို တင်သွင်းပို့ဆောင်ပေးမယ့်ကုမ္ပဏီတွေရဲ့ စုပေါင်းစွမ်းအားပေါ်မှာ အများကြီးမူတည်ပါတယ်။ စိုက်ပျိုးရေးမှာ အဓိကလိုအပ်တဲ့ ဓာတ်မြေဩဇာကိုလည်း နိုင်ငံတော်အဆင့်စီမံကိန်းတွေနဲ့ ဆောင်ရွက်ပေးမယ်ဆိုရင် တောင်သူတွေအနေနဲ့ အများကြီးအဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါတယ်ဆိုတဲ့စကားအတိုင်း စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးကို ခေတ်မီနည်းစနစ်တွေ၊ ခေတ်မီသွင်းအားစုတွေနဲ့ပေါင်းစပ်ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်၊ ထိုကတစ်ဆင့် ပန်းတိုင်အထွက်နှုန်းကျော်လွန်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ စာရေးသူပြောပြခဲ့တာ မြန်မာနိုင်ငံရဲ့အဓိကစိုက်ပျိုးရေးအမျိုးအစားဖြစ်တဲ့ စပါးကို မူတည်ပြီးပြောပြခဲ့တာပါ။ ဒါ့အပြင် အခြားအဓိကစိုက်ပျိုးထုတ်ကုန်တွေဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ နေကြာ၊ ပန်းနှမ်း စတဲ့ ဆီထွက်သီးနှံတွေကိုလည်း ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ပြီး နိုင်ငံ့ GDP တိုးတက်စေဖို့အတွက် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မွေးမြူရေးဖြစ်ပါတယ်။ မွေးမြူရေးဆိုရာမှာလည်း စီးပွားဖြစ်မွေးမြူရေးကို စာရေးသူ မဆိုလိုသေးပါဘူး။ တစ်ပိုင်တစ်နိုင်မွေးမြူရေးစနစ်ကို အရင်ဆုံးပြောချင်ပါတယ်။ စာရေးသူတို့နိုင်ငံရဲ့ အဓိကစားသုံးတဲ့အသားတွေကတော့ ကြက်၊ ဝက်၊ ဆိတ်၊ အမဲ၊ ငါးတို့ပဲ ဖြစ်ပါတယ်။ ဒီလိုအသားငါးတွေစားသုံးရာမှာ ပြည်ပကဝင်တဲ့ အသားတိုးမျိုးစိတ်တွေရှိသလို မြန်မာနိုင်ငံရဲ့ ဒေသထွက်မျိုးစိတ်တွေလည်းရှိပါတယ်။ အဲဒီဒေသမျိုးစိတ်တွေကို တစ်ပိုင်တစ်နိုင် မွေးမြူရာမှာ ယခင်က မိရိုးဖလာမွေးမြူနေကျအတိုင်း လွှတ်ကျောင်းစနစ်အစား နည်းပညာပိုင်းဆိုင်ရာ အကူအညီရယူပြီး ကိုယ့်ဒေသမျိုးစိတ်တွေနဲ့ပဲ စီးပွားဖြစ်မွေးမြူလို့ရပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် အရှေ့တောင်အာရှနိုင်ငံတွေထဲက ကြက်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူတဲ့နိုင်ငံတွေထဲမှာ အစောဆုံးနိုင်ငံတစ်ခုဖြစ်တယ်လို့ ကြက်မွေးမြူကုသရေးစာအုပ်နှစ်အုပ်လောက်မှာ ဖတ်ခဲ့ရဖူးပါတယ်။ အရင်ဆုံး ဒေသကြက်အကြောင်း စပြောလိုပါတယ်။ ဥပမာ အိမ်တိုင်း အလွယ်တကူလုပ်နိုင်သော ဒေသကြက်မွေးမြူရေးလုပ်ငန်းကနေ ဝင်ငွေရရှိမယ့်အသေးစား စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲနိုင်တာမျိုးဖြစ်ပါတယ်။ ဒေသကြက်လေးတစ်အုပ် မွေးထားတာ၊ မနက်ကျအိမ်ခြံဝိုင်းထဲလွှတ်ပေးထား၊ သူတို့ဘာသာ အစာရှာစား၊ ညဘက်ရောက်လာရင် အိပ်တန်းတက်မယ့်အချိန်ရောက်ရင် ပြန်သိမ်း၊ အရွယ်လေးတွေရပြီး အလေးချိန်လေးတွေစီးလာပြီဆိုရင် ရောင်းစား၊ ဒီလိုပဲလုပ်နေမယ့်အစား ဒေသကြက်ကို စနစ်တကျဘယ်လိုမွေးမလဲဆိုတဲ့ နည်းစနစ်ကို လေ့လာရမှာဖြစ်ပါတယ်။ တစ်နိုင်ကြက်ခြံလေးတွေဆောက်ပြီး ကြက်တွေစားဖို့ဖြည့်စွက်စာအနေနဲ့ စပါး၊ ဆန်၊ ဆန်ကွဲ၊ ထမင်းတို့အပြင် ရောစပ်အစာတွေကို ဖွဲနု၊ ဆန်ကွဲတို့နဲ့ရောကာ အစာခွက်လေးနဲ့ ကျွေးဖို့လိုပါတယ်။ ဒါ့အပြင် ကြက်တွေဖြစ်တတ်တဲ့ ကြက်လည်လိမ်ရောဂါ၊ ကြက်ဝမ်းကျရောဂါတွေမဖြစ်ဖို့ ကာကွယ်ဆေးတွေလည်း ထိုးရမှာဖြစ်ပါတယ်။ ဒီလိုစနစ်တကျနဲ့မွေးရင် ရောင်းချချိန်အထိ ကြက်တစ်အုပ်လုံးသို့မဟုတ် တစ်ကောင်တလေစသည်ဖြင့် အလေအလွင့်မရှိတော့ဘဲ ဝင်ငွေတိုးနိုင်မှာ ဖြစ်ပါတယ်။ အခုနောက်ပိုင်းခေတ်စားနေတဲ့ကြက်မည်းမွေးမြူရေးအကြောင်းလည်း အနည်းငယ်ပြောပြလိုပါတယ်။ သူကဥစားမဟုတ်ဘဲ အသားစားဖို့အတွက် မွေးမြူရတာဖြစ်ပါတယ်။ ကြက်မည်းအသားဟာ ဈေးကွက်မှာ သာမန်ကြက်တွေထက်ရှားပြီး တန်ဖိုးလည်းမြင့်ပါတယ်။ ကြက်မည်းတွေဟာ စီးပွားဖြစ်မွေးမြူရတဲ့ အသားတိုးကြက်တွေလောက် ကြီးထွားနှုန်းမမြန်သလို ဥစားကြက်တွေလိုလည်း ဥနှုန်းမကောင်းပါဘူး။ ကြက်မည်းတွေကို အသားတိုးကြက်လို၊ ဥစားကြက်လိုမျိုး ကြီးထွားနှုန်းကောင်းဖို့ ဦးစားမပေးဘဲ အရောင်အသွေးမည်းနက်ဖို့ ဦးစားပေးရတာဖြစ်တဲ့အတွက် အများအပြားမထုတ်လုပ်နိုင်ပါဘူး။ ဒါကြောင့် ဈေးကွက်အတွင်းမှာရှားပါးပြီး တန်ဖိုးလည်းရှိတဲ့ကြက်မည်းကို တစ်ပိုင်တစ်နိုင်စနစ်တကျမွေးမြူနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကြက်မည်းလိုမျိုးပဲ ဒေသကြက်ကို နည်းစနစ်တကျ မွေးမြူမယ်ဆိုရင် အရည်အသွေးကောင်းမွန်တဲ့ ဒေသကြက်တွေကို ထုတ်လုပ်ရောင်းချနိုင်ပြီး ဝင်ငွေတိုးမှာ ဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံမှာ ဒေသထွက်ဖြစ်တဲ့ မိတ္ထီလာဒေသက လက်ပံပြားကြက်ကြော်ဆိုရင် အလွန်နာမည်ကြီးပါတယ်။ ဒီလိုနာမည်ကြီးဒေသထွက်မွေးမြူရေးကရတဲ့ ထုတ်ကုန်တစ်ခုကို ခေတ်မီနည်းပညာနဲ့သာ ပေါင်းစပ်ပေးလိုက်မယ်ဆိုရင် စာရေးသူတို့ရဲ့ လက်ပံပြားကြက်ကြော်ဟာလည်း KFC တို့၊ Lotteria ကြက်ကြော်တို့နဲ့ရင်ပေါင်တန်းနိုင်တဲ့ ထုတ်ကုန်တစ်ခုဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ကြက်ဥ၊ ဘဲဥဟာလည်း အာဟာရလည်းပြည့်ဝတဲ့အပြင် အရောင်းသွက် စားသောက်ကုန်တစ်ခုလည်းဖြစ်တဲ့အတွက် ကြက်ကောင်ရေများများ မွေးမြူနိုင်လေလေ နေ့စဉ်ဝင်ငွေများများရရှိလေဖြစ်ပါတယ်။ ဥစားကြက်ကဥတဲ့ ကြက်ဥထက် ဒေသကြက်ကဥတဲ့ကြက်ဥကို ဈေးကြီးပေးပြီး အော်ဂဲနစ်အစားအစာအဖြစ် တန်ဖိုးထားဝယ်ယူစားသုံးနေတာကိုလည်း တွေ့ရှိရပါတယ်။

ဒီလိုပါပဲ ဒေသဝက်ဆိုရင်လည်း တစ်ပိုင်တစ်နိုင်မွေးမြူရာမှာ စာကြွင်း၊ စားကျန်ကျွေးပြီးလွှတ်ကျောင်းနေမယ့်အစား စိုက်ပျိုးရေးကရရှိတဲ့ တိရစ္ဆာန်စာတွေဖြစ်တဲ့ ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်တို့နဲ့ သေချာကျွေးမွေးမယ်၊ သေချာခြံခတ်မွေးမယ်ဆိုရင် ကျန်းမာသန်စွမ်းပြီး အသားအလေးချိန်တိုးတဲ့ဒေသဝက်ကို မွေးမြူနိုင်မှာဖြစ်ပါတယ်။ ထို့အတူပါပဲ ဒေသနွားကို မွေးမြူရာမှာလည်း လွှတ်ကျောင်းမယ်၊ အချိန်တန်ပြန်သိမ်းမယ်ဆိုတာထက် ကောက်ရိုးကို ယူရီးယားနဲ့ပြုပြင်ကျွေးမွေးမယ်၊ နေပီယာမြက်လိုမျိုး မွေးမြူရေးကို အထောက်အကူဖြစ်စေတဲ့ မြက်မျိုးတွေစိုက်ပြီး ကျွေးမွေးမယ်ဆိုရင် နို့ထွက်နှုန်းပိုမိုများမယ်၊ မျိုးအောင်နှုန်းလည်းမြင့်မယ်၊ ကြီးထွားနှုန်းကောင်းမယ်၊ ရောဂါဒဏ်ခံနိုင်ရည်ရှိလာမယ်။ ဒါဟာဒေသမျိုးစိတ်တွေကိုစနစ်တကျနည်းပညာနဲ့ပေါင်းစပ်ကာ စီးပွားဖြစ်မွေးမြူနိုင်ရေးနည်းကို အကျဉ်းချုံးပြောပြတာပဲ ရှိပါသေးတယ်။ ဆိုလိုချင်တာက နည်းပညာရယ်၊ ပြည်တွင်းထွက်စိုက်ပျိုးရေးထုတ်ကုန်ကရရှိတဲ့ တိရစ္ဆာန်အစာတွေနဲ့ရယ် ပေါင်းစပ်လိုက်မယ်ဆိုရင် မွေးမြူရေးမှာပါ ကုန်ကျစရိတ်သက်သာစွာနဲ့ စီးပွားဖြစ်ထွန်းစေနိုင်ကြောင်းကို ထောက်ပြလိုတာဖြစ်ပါတယ်။

## မွေးမြူရေးကနေ ပြည်ပဝင်ငွေများ ရရှိလာ

ဒါတွေကတော့ တစ်ပိုင်တစ်နိုင်မွေးမြူရေးတွေကို ခေတ်မီနည်းပညာနဲ့ပေါင်းစပ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်နိုင်တဲ့အကြောင်းကို ပြောပြခဲ့တာပါ။ ကိုယ်တတ်နိုင်ရင်တတ်နိုင်သလို တစ်ပိုင်တစ်နိုင်မှ လုပ်ငန်းကြီးတစ်ခုဖြစ်တဲ့အထိ မွေးမြူရေးလုပ်ငန်းတွေကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ပါတယ်။ မွေးမြူရေးမှထွက်ရှိတဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေကို နိုင်ငံခြားသို့တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါဆို မွေးမြူရေးကနေလည်း ပြည်ပဝင်ငွေများ ရရှိလာနိုင်မှာဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံအနေနဲ့ GDP တိုးတက်ဖို့အတွက် ရေခံမြေခံကောင်းများနဲ့ လူသားအရင်းအမြစ်များကိုအသုံးချပြီး Quick Win ဖြစ်တဲ့ လယ်ယာကဏ္ဍကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ ကဏ္ဍကြီးတွေဖြစ်တဲ့ စက်မှုလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း တိုးတက်အောင်ဆောင်ရွက်နိုင်ပါတယ်။


ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုတဲ့ စကားလိုပါပဲ။ တစ်ခုနဲ့တစ်ခုဟာ ဆက်စပ်ဖြစ်တည်နေကြတာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးဘက်မှာ အောင်မြင်လာပြီဆိုရင် စိုက်ပျိုးမွေးမြူရေးကရတဲ့ ကုန်ကြမ်းတွေကို အခြေခံပြီး ထုတ်လုပ်နေတဲ့ စက်မှုလုပ်ငန်းတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးက ထွက်ရှိလာတဲ့ ထွက်ကုန်တွေကို ခေတ်မီစက်ရုံကြီးတွေ တည်ဆောက်ပြီး အရည်အသွေးပြည့်မီတဲ့စားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ကုန်ကြမ်းကို နိုင်ငံခြားက မတင်သွင်းရခြင်း၊ မိမိနိုင်ငံတွင်းကပဲ အလုံအလောက်ရရှိခြင်း၊ သယ်ယူပို့ဆောင်စရိတ်သက်သာခြင်းဆိုတဲ့ အချက်သုံးချက်နဲ့တင်ကိုပဲ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို စရိတ်သက်သက်သာသာနဲ့ ထုတ်လုပ်နိုင်မှာဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်များ ပြည့်မီလာမယ့်အပြင် ပြည်ပပို့ကုန်ကိုပါ တိုးတက်စေနိုင်မှာ ဖြစ်ပါတယ်။

## ဒီကဏ္ဍသုံးရပ်ဟာ ဆက်စပ်မှုရှိ

ဒီလိုစိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အခြေခံတဲ့စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry) ကို တန်ဖိုးမြင့်ကုန်ချောပစ္စည်းရရှိလာသည်အထိ အရည်အသွေးပြည့်မီအောင် ခေတ်မီနည်းစနစ်များနဲ့ ပေါင်းစပ်ပြီး ပြည်တွင်းသာမက ပြည်ပအထိတင်ပို့ရောင်းချနိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုပစ္စည်းကောင်းတွေ ထုတ်လုပ်နိုင်ပြီဆိုရင် ဒီကုန်ပစ္စည်းတွေကို သယ်ယူခြင်း၊ ရောင်းချခြင်း၊ ငွေပေးချေခြင်း၊ နိုင်ငံအတွက်အကျိုးရှိစေမယ့် ကဏ္ဍစုံမှာအကျိုးရှိရှိ ကောင်းမွန်စွာ အသုံးချနိုင်ခြင်းဆိုတဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာလည်း ကောင်းမွန်တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်ဖက်ကပြောမယ်ဆိုရင် စက်မှုလုပ်ငန်းတွေ တိုးတက်လာပြီဆိုရင် ခရီးသွားလုပ်ငန်း စတဲ့ဝန်ဆောင်မှုလုပ်ငန်းများပါ ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကောင်းရင် စက်မှုကဏ္ဍကောင်းမယ်။ စက်မှုကဏ္ဍကောင်းရင် ဝန်ဆောင်မှုကဏ္ဍလည်း ကောင်းလာမှာဖြစ်ပါတယ်။ ဒီကဏ္ဍသုံးရပ်ဟာ ဆက်စပ်မှုရှိတဲ့အတွက် တိုးတက်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီထဲကမှ အခြေခံအကျဆုံးဖြစ်တဲ့ လယ်ယာကဏ္ဍကြီးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးတို့ဟာလည်း အောင်မြင်တိုးတက်လာပြီး နိုင်ငံရဲ့ GDP ဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။


နှမ်းတစ်စေ့တည်းနဲ့တော့ ဆီမဖြစ်ပါဘူး၊ ဒီလိုပဲ ရေတစ်စက်နဲ့လည်း ရေမပြည့်ပါဘူး။ ဒါပေမယ့် နှမ်းစေ့တွေ အများကြီးပါဝင်လာရင် ဆီဖြစ်သလို ရေစက်တွေအများကြီး စုပေါင်းလိုက်ရင်လည်း ရေပြည့်လာနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံ့ GDP တိုးတက်ဖို့ဆိုရင် နိုင်ငံသားတစ်ဦးချင်းရဲ့ GDP တိုးတက်ဖို့လိုတဲ့အတွက် *စာမျက်နှာ ၁၂ သို့*




















# နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

**နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ (၃/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်တွင်းရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးသည် နိုင်ငံတော်အစိုးရ၏ အဓိကစီးပွားရေးရည်မှန်းချက်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ရှိသူများ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကုမ္ပဏီ၏ အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စရပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ **(အပေါ်ယာပုံ)**

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင် ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့အနေဖြင့် တရားမဝင် ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရေး၊ တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး၊ အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ တရားမဝင် ကုန်စည်များ၏ အန္တရာယ်နှင့် တရားမဝင် ကုန်သွယ်မှု၏ နိုင်ငံအပေါ် ထိခိုက်မှုများကို ပြည်သူများ သိရှိနားလည်အောင် အသိပညာပေးရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဈေးကွက်တွင် မျှတစွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန်နှင့် စားသုံးသူများ အကာအကွယ်ပေးနိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေး အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများ၏ နေပြည်တော်အတွင်း တရားမဝင် ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပြိုင်ပွဲအပြီးတွင် နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်း၊ ဒုတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းနှင့် တတိယဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းတို့မှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီနာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပထမဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် စားသုံးဆီဖူလုံရေးနှင့် မွေးမြူရေးတိရစ္ဆာန်အစာကုန်ကြမ်း တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပဲပုပ်သီးနှံစိုက်ပျိုးဧရိယာတိုးချဲ့နိုင်ရေး ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၁၈



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသုတေသနဌာနစု စမ်းသပ်ကွင်း၌ မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးထားသည့် ဆီထွက်ရာခိုင်နှုန်းကောင်းမွန်သော အလားအလာကောင်း ပဲပုပ်မျိုးလိုင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက စားသုံးဆီဖူလုံရေးနှင့် မွေးမြူရေးတိရစ္ဆာန် အစာကုန်ကြမ်း တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပဲပုပ်သီးနှံစိုက်ပျိုးဧရိယာတိုးချဲ့နိုင်ရေး၊ ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်ဖွံ့ဖြိုးရေး၊ ပဲပုပ်စိုက်တောင်သူများအတွက် စီးပွားရေးအရ တွက်ခြေကိုက်စေမည့် သီးနှံအထွက်ရရှိရေးနှင့် ဆီထွက်ရာခိုင်နှုန်း ကောင်းမွန်စေမည့် အရည်အသွေးပြည့်စုံသော ပဲပုပ်မျိုးများ သုတေသနပြုထုတ်လုပ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်ကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေး Plant Breeding ပိုင်းသည် အရေးကြီးသောကြောင့် သီးနှံအလိုက် ဝန်ထမ်းများကို တာဝန်ခွဲဝေပေးနိုင်ရေး၊ မျိုးဆက်သစ်ပညာရှင်များအနေဖြင့် မိမိတို့သင်ကြားခဲ့ရသော အတတ်ပညာနှင့် အတွေ့အကြုံများကို လက်တွေ့အကောင်အထည် ဖော်နိုင်ရေး မှာကြားပြီး အပင်မျိုးဗီဇနှင့် မော်လီကျူလာနည်းပညာဖြင့် မျိုးမွေးမြူရေးသုတေသနဌာနစုတွင် ဗီဇအချက်အလက် နည်းပညာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ဆန်စပါးမွေးမြူရေးကဏ္ဍ မြှင့်တင်ခြင်းစီမံကိန်း (RGBM Project) သုတေသနလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အော်ဂဲနစ်သုတေသနဗဟိုဌာန၌ သုတေသနပြုဆောင်ရွက်လျက်ရှိသော အော်ဂဲနစ်ဟင်းသီးဟင်းရွက် သုတေသနများ စိုက်ပျိုးထားရှိမှု၊ တီမြေဆွေး၊ စွန့်ထုတ်ရည်သုတေသန ဆောင်ရွက်ထားရှိမှု၊ သီးနှံစုံအော်ဂဲနစ်မျိုးစေ့များ ခင်းကျင်းပြသထားမှုများနှင့် ပြောင်းသီးနှံ သုတေသနဌာန၌ အထွက်နှုန်းမြင့်မားပြီး အရည်အသွေး ကောင်းမွန်သော သက်လျင်နှင့် သက်လတ်ပြောင်းဖူးစပ်မျိုးသစ်များ မျိုးမွေးမြူရွေးချယ်ခြင်း အစီအစဉ်အရ စမ်းသပ်စိုက်ပျိုးထားသော မျိုး ၁၆၇ မျိုးအား စမ်းသပ်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

အရွယ်ရောက်ပြီး အလုပ်လုပ်နိုင်တဲ့သူတိုင်း အလုပ်လုပ်ကြဖို့ လိုအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ဒေသအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးကို ဆောင်ရွက်ပြီး ဒေသခံများရဲ့အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာတဲ့အခါ လုပ်ငန်းများဆောင်ရွက်နေတဲ့ ပြည်သူတစ်ဦးချင်းရဲ့ဝင်ငွေများ တိုးတက်လာပြီး တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီရဲ့ GDP တိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးနဲ့ ပတ်သက်တဲ့ မူဝါဒကလည်း ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနဲ့ ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတဲ့အတွက် ပြည်ပကို အားကိုးခြင်းထက် ပြည်တွင်းအားဖြင့် အကျိုးရှိထိရောက်တဲ့လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးနဲ့ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းထက် ဈေးရောင်းချသူပိုများနေတာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုကို ပိုမိုဆောင်ရွက်နိုင်မယ်ဆိုရင် ဒါဟာ နိုင်ငံအတွက် ဝင်ငွေပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။

ကုန်ထုတ်လုပ်မှုဆိုရာမှာလည်း ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနဲ့ လုပ်အားတို့ဟာ အဓိကလိုအပ်ချက်တွေဖြစ်ပါတယ်။ ကုန်ကြမ်းရှိမှ ပစ္စည်းထုတ်လုပ်နိုင်မှာဖြစ်သလို သွင်းအားစုများနဲ့ ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများရှိမှလည်း လုပ်ငန်းလည်ပတ်နိုင်မှာဖြစ်ပါတယ်။ ကုန်ကြမ်းရရှိရန်သေချာတဲ့ စိုက်ပျိုးရေးကဏ္ဍကို အခြေခံတဲ့ တန်ဖိုးရှိ၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ပြီးမြို့ပြနဲ့ ကျေးလက်ကွာဟမှု၊ ဒေသတစ်ခုနဲ့တစ်ခုကွာဟမှု ကျဉ်းမြောင်းအောင် ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေတိုးတက်လာမှာဖြစ်ပါတယ်။ ပြည်သူတွေ ဝင်ငွေတိုးရင် နိုင်ငံရဲ့ ဝင်ငွေလည်း တိုးမယ်။ နိုင်ငံ့ဝင်ငွေတိုးရင် နိုင်ငံ့ GDP လည်း တိုးတက်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် စာရေးသူတို့နိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်မှာနေထိုင်ကြပြီး အဲဒီကျေးလက်နေပြည်သူများမှာ လယ်ယာ၊ သားငါးနဲ့ သစ်တောကဏ္ဍကို ဆောင်ရွက်နေသူတွေဟာ ၄၁ ရာခိုင်နှုန်းခန့်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုတာဟာလည်း သေချာတဲ့ ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်တဲ့အပြင် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ဖို့ ရေခံမြေခံကောင်းတွေကိုလည်း ပိုင်ဆိုင်ထားတဲ့ စာရေးသူတို့နိုင်ငံမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးတို့ကိုလည်း တိုးတက်အောင် ယှဉ်တွဲဆောင်ရွက်ရပါမယ်။ ကိုယ့်နိုင်ငံတွင်း စားရေရိက္ခာ ဖူလုံမှုမှသည် ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံရေးကိုပါ အာမခံနိုင်တဲ့ စိုက်ပျိုးထုတ်လုပ်ရေးစွမ်းအားရှိတဲ့ နိုင်ငံ (Agriculture Power Country)အဖြစ် ရပ်တည်နိုင်ပြီး နိုင်ငံ့ GDP ကို တိုးမြှင့်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

ကိုးကား။ Central Bank of Myanmar, Quarterly Financial Statistics Bulletin (2023 Volume III)

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက်နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ် - ၁၉ ကူးစက်ခံရ



**ဝါရှင်တန်  ဇူလိုင် ၁၈**

အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင် ဇူလိုင် ၁၇ ရက်တွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း အိမ်ဖြူတော်က အတည်ပြုခဲ့သည်။ လာဗီးဂက်၌ ၎င်း၏ပထမဦးဆုံး ပွဲအပြီးတွင် ကိုဗစ် - ၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းမှာ အပိုထပ်ဆောင်းကာကွယ်ဆေးထိုးထားပြီး အပျော့စားလက္ခဏာများသာ ခံစားရကြောင်း အိမ်ဖြူတော်သတင်းပြန်ကြားရေး အတွင်းရေးမှူးကာရင်းဂျင်းပီယာက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အမေရိကန်သမ္မတသည် တစ်ကိုယ်တည်း သီးခြားခွဲနေထိုင်မည့် ဒယ်လာဝဲပြည်နယ်သို့ ပြန်လာမည်ဖြစ်ပြီး ၎င်း၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်ဟု အိမ်ဖြူတော် သတင်းပြန်ကြားရေးအတွင်းရေးမှူးက ပြောသည်။

သမ္မတသည် ယခုမွန်းလွဲပိုင်းတွင် နှာဆေးချောင်းဆိုးဖြစ်ပြီး နာမကျန်းဖြစ်လာသည်ဟု သမ္မတ ဆရာဝန်၏ဆေးမှတ်တမ်းတွင် တွေ့ရှိရကြောင်း အိမ်ဖြူတော်သတင်းပြန်ကြားရေးအတွင်းရေးမှူးကပြောသည်။

အသက် ၈၁ နှစ်အရွယ် သမ္မတ ဂျိုးဘိုင်ဒင်၏ ယခုတစ်ကြိမ် ကိုဗစ်- ၁၉ ကူးစက်ခြင်းသည် ပထမဦးဆုံးအကြိမ် ကူးစက်ခံရခြင်း မဟုတ်ချေ။ ၂၀၂၂ ခုနှစ် ကလည်း ကိုဗစ် -၁၉ ကူးစက်ခံရဖူးသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားမြို့တော်သစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိရန် ရာထူးမှ အနားယူတော့မည့် အင်ဒိုနီးရှားသမ္မတ လုပ်ဆောင်

**ဂျကာတာ ဇူလိုင်  ၁၈**

ရာထူးမှ အနားယူတော့မည့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ၎င်း၏ ရာထူးသက်တမ်း မကုန်မီ နိုင်ငံ၏ကြိုတင်စီစဉ်ထားသည့် မြို့တော်သစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိရန် လုပ်ဆောင်လျက်ရှိသည်။

ဂျိုကိုသည် ဇူလိုင် ၁၇ ရက်က အဘူဒါဘီ၌ အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတ မိုဟာမက် ဘင်ဇာယာဒ်နှင့် တွေ့ဆုံခဲ့သည်။


ဂျိုကိုနှင့် မိုဟာမက် ဘင်ဇာယာဒ်တို့သည် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ် နူဆန်တရာ၌ ဘဏ္ဍာရေးစင်တာတစ်ခု ဖွင့်လှစ်ရန် သဘောတူခဲ့သည်။

အဆိုပါ မြို့တော်သစ်သည် ဂျကာတာအရှေ့မြောက် ၁၅၀၀ ကီလိုမီတာကျော်တွင် တည်ရှိသည်။ မြို့သစ်စီမံကိန်းသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော်ကုန်ကျနိုင်ကြောင်း ခန့်မှန်းထားသည်။

အစိုးရသည် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် မြေယာငှားရမ်းခွင့်ကို နှစ်ပေါင်း ၁၉၀ ခန့် ခွင့်ပြုခြင်းအပါအဝင် နည်းလမ်းအဖုံဖုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဂျိုကို၏သမ္မတ သက်တမ်းသည် အောက်တိုဘာလတွင် ပြီးဆုံးမည်ဖြစ်သည်။ သမ္မတရုံးကို ဇူလိုင်လမကုန်မီ နူဆန်တရာသို့ ပြောင်းရွှေ့ရန်စီစဉ်ခဲ့သည်။ သို့သော်လည်း အခြေခံအဆောက်အအုံ ယန္တရားများ လည်ပတ်မှုမရှိသေးသောကြောင့် ထင်သလောက် ခရီးမပေါက်ဘဲ နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**




အင်ဒိုနီးရှားသမ္မတ ရာထူးမှ အနားယူတော့မည့် ဂျိုကိုဝီဒိုဒိုသည် အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတ မိုဟာမက်ဘင်ဇာယာဒ်နှင့် တွေ့ဆုံဆွေးနွေးနေစဉ်။

# ဘန်ကောက်၌ ဟိုတယ်အတွင်း သေဆုံးမှုမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှု ပြဿနာများနှင့် ဆက်စပ်မှုရှိနိုင်

**ဘန်ကောက် ဇူလိုင် ၁၈**

ဘန်ကောက်မြို့ ဇိမ်ခံဟိုတယ်တစ်ခုအတွင်း သေဆုံးနေသည့်နိုင်ငံခြားသားခြောက်ဦးမှာ အဆိပ်ကြောင့်သေဆုံးခြင်းဖြစ်သည်ဟု သံသယရှိပြီး ၎င်းတို့တွင် ငွေရေးကြေးရေးအငြင်းပွားမှု အရှုပ်အထွေးရှိသည်ဟု စုံစမ်းသိရှိရကြောင်း ထိုင်းရဲများက ပြောသည်။

အဆိုပါခြောက်ဦးမှာ ဂျပန်နိုင်ငံတွင် ဆေးရုံတစ်ရုံဆောက်လုပ်ရန် သဘောတူညီမှုတွင် ပါဝင်ခဲ့ကြသည်။ အငြင်းပွားဖွယ် ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာ ၂၈၀၀၀၀ ခန့်ပါဝင်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ဇူလိုင်၁၆ ရက်က ဇိမ်ခံဟိုတယ်အခန်းတစ်ခုအတွင်း အသက် ၃၀မှ ၅၀ ဝန်းကျင် အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး၏ အလောင်းများကို တွေ့ရှိခဲ့သည်။ အလောင်းများကို စစ်ဆေးမှုများပြုလုပ်ပြီးနောက် အလောင်း ခြောက်လောင်းတွင် အဆိပ်ရှိသောဓာတုဗေဒပစ္စည်းများ တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၁၇ ရက်ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရဲများက ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ရထားတစ်စင်း လမ်းချော်ခဲ့သောကြောင့် လူနှစ်ဦးသေဆုံး

**နယူးဒေလီ  ဇူလိုင်  ၁၈**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သော ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ဇူလိုင် ၁၈ ရက်က ခရီးသည်တင်ရထားတစ်စင်း လမ်းချော်ခဲ့သောကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ရထားလမ်းချော်မှုသည် ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဂွန်ဒါဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒိုင်ဘရူဂါအမြန်ရထားသည် ဟာယာနာပြည်နယ် ချန်ဒီဂါမြို့မှ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဂိုရက်ပါးရ်ဒေသသို့ ခုတ်မောင်းလာစဉ် ထိုသို့လမ်းချော်ခဲ့ခြင်းဖြစ်သည်။

ရုပ်မြင်သံကြားသတင်းတွင် လမ်းချော်ခဲ့သော ရထားတွဲများပေါ်မှ ခရီးသည်များကို ကယ်ဆယ်ကူညီရေးများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ ကယ်ဆယ်ရေးအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်ရောက်ရှိခဲ့ပြီး အခြေအနေကို ထိန်းသိမ်းခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံအနောက်တောင်ပိုင်းပြည်နယ်၌ ကုန်တိုက်တစ်ခု မီးလောင်မှုကြောင့် သေဆုံးသူ ၁၆ ဦးရှိ

**စီချွမ်း ဇူလိုင် ၁၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် စီချွမ်းပြည်နယ်ရှိ ကျိုခေါင်မြို့တွင် ဇူလိုင် ၁၇ ရက်ညနေ ၆ နာရီဝန်းကျင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက် နံနက် ၃ နာရီဝန်းကျင်အထိ သေဆုံးသူ ၁၆ ဦးအထိ ရှိလာကြောင်း ဒေသခံမီးသတ်နှင့်ကယ်ဆယ်ရေးဌာန၏ ပြောကြားချက်အရ သိရသည်။

အထပ် ၁၄ ထပ် မြင့်သည့် အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံအတွင်းမှ မီးခိုးမဲကြီးများ လိမ့်တက်လာသည်ကို ဗီဒီယိုမှတ်တမ်းတွင် တွေ့မြင်ရသည်။ ခေါင်မိုးပေါ်မှနေ၍ အကူအညီတောင်းနေသည့် လူများကိုလည်း ဗီဒီယိုတွင် တွေ့မြင်ရသည်။




နှစ်နာရီအကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမတိုင်မီအထိ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

ကနဦး စုံစမ်းစစ်ဆေးမှုများအရ ဆောက်လုပ်ဆဲဖြစ်သည့် ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ စတင်ကာ မီးလောင်ခြင်းဖြစ်သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် အပူချိန်လွန်ကဲမှုကြောင့် လူ ၁၆ ဦးသေဆုံး

**ကရာချိ  ဇူလိုင်  ၁၈**

ပါကစ္စတန်နိုင်ငံတောင်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိတွင် အပူချိန်မြင့်တက်ပြီးနှစ်ရက်ကြာပြီးနောက် လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးအရာရှိများက ဇူလိုင် ၁၈ ရက်က ပြောကြားလိုက်သည်။

ဇူလိုင် ၁၇ နှင့် ၁၈ ရက်များတွင် လိုင်ယာရီ၊ ကိုရမ်ဂီလက်စ်ဘယ်လာနှင့် အခြားအိမ်နီးချင်းဒေသများတွင် အပူချိန်မြင့်တက်မှုကြောင့် ရေဓာတ်ခမ်းခြောက်ပြီး လူများသေဆုံးခဲ့ကြောင်း အက်ဒီကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။ သေဆုံးသူများကို မြို့တော်ရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များသည် အပူနှင့်ပတ်သက်ပြီး ခံစားခဲ့ရသူများကို ရှေးဦးသူနာပြုစုရေးနည်းလမ်းများဖြင့် ကူညီခဲ့ကြသည်။

**ဆင်ဟွာ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲဆုချီးမြှင့် ဒုံရင်း သဘာဝစမ်းရေတံခွန်အတွင်းသို့ ငါးသားပေါက်ကောင်ရေ တစ်သိန်း ငါးမျိုးစိုက်ထည့်

**ဘားအံ ဇူလိုင် ၁၈**

ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က ဘားအံမြို့ လှာကမြင်ကွက်သစ် ဖွဲ့ကပင် အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အားကစားနှင့်ကာယပညာ ဦးစီးဌာန အသင်းနှင့် ပညာရေးအသင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးရုံးအသင်းနှင့် မီးသတ်ဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး အဆိုပါ ဗိုလ်လုပွဲစဉ် အမျိုးသမီးပြိုင်ပွဲတွင် အားကစားနှင့်ကာယပညာ ဦးစီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် မီးသတ်ဦးစီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ် အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော အားကစားနှင့်ကာယပညာဦးစီးဌာနအမျိုးသမီးအသင်းအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက က တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆု ၁၀ သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။



ထို့နောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော မီးသတ်ဦးစီးဌာန အမျိုးသားအသင်းအား ပြည်နယ်ဝန်ကြီးချုပ်က တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆု ၁၀ သိန်း နှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ငါးစားသုံးမှုဖူလုံပိုလျှံရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့ရေး၊ ကျေးလက်နေ ပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ရေးတို့ကို ရည်ရွယ်၍ သဘာဝ မြစ်ချောင်းအင်းအိုင် ဆည်တမံများအတွင်း ငါးမျိုးများ စိုက်ထည့်လျက်ရှိရာ ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စုရှိ ဒုံရင်း သဘာဝစမ်းရေတံခွန်အတွင်း ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ငါးသားပေါက်ကောင်ရေတစ်သိန်းကို စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

မြန်မာအသင်းသည် စွမ်းထက်၊ မင်းမော်ဦး၊ ဝင်းပြည့်မောင်၊ ရှိုင်းဝဏ္ဏအောင်၊ ခန့်ဇင်ဟိန်း စသည့် ကစားသမားများဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက အပြန်အလှန် ကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်း ကတည်းက ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၅၉ မိနစ်တွင် ဂိုးစတင်ရရှိခဲ့သည်။ ထောင့်ကန်ဘောမှ ပြန်လျှံကျလာသော ဘောလုံးကို ဖြိုးပြည့်စုံက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ဗီယက်နမ်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၄ မိနစ်တွင် ကွမ်ယုက အဝေးကန်ချက်ဖြင့် ဂိုးပြန်သွင်းခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ – MFF**

## ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေများ

**နေပြည်တော် ဇူလိုင် ၁၈**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ၄၁.၁၁ ပေ (၁၂၅၃ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၁.၃၄ ပေ (၁၂၆၀ စင်တီမီတာ)အောက်သို့ သုံးလက်မခန့် (၇ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ထို့အပြင် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခွဲခန့် (၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော်ခန့် (၆၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၃၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော်ခန့် (၁၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၆၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၇ နာရီအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာ မြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့၊ မြစ်ငယ်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ ငွေစက္ကူများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရသီရိခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၁၄ တန်၊ အခြားသစ် တန် ၁ ဒသမ ၁၄၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၁၀၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Sodium Cyanide ကီလိုဂရမ် ၅၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၅၀၀၀၀) နှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း မြန်မာပလာဇာအနီး၌ လိုင်စင်မဲ့ Toyota Passo မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများဖြစ်သည့် Imitation Prophyra တံဆိပ်ပါ ပင်လယ်စာ ဖာ ၃၆၀၊ Cherry Blasson With Fish Roe တံဆိပ်ပါ ပင်လယ်စာဖာ ၃၄၀ အပါအဝင် စားသောက်ကုန်ပစ္စည်း ၁၀ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၁၉၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၃၄၁ တန်၊ သစ်မာ ၂ ဒသမ ၀၄၂ တန်၊ အခြားသစ် ၂ ဒသမ ၃၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၉၆၃)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဝေါမြို့နယ် သပြေကန်စားသောက်ဆိုင်အနီး၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၃၉၆၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၂၁၃၀၆၅ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Wit-Yi73” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့သစ်ရပ်ကွက်နေ ဝတ်ရည်အား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာရှိ ဇော်မင်းနိုင်(ခ) ဇော်ခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂ ပြား၊ ဘိန်းဖြူသုည ဒသမ ၀၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ချင်တွင်း(၃)လမ်းရှိ ဇင်မင်းဦး (ခ)ကတုံး၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၊ ဘိန်းဖြူသုည ဒသမ ၀၀၅ ကီလိုကို လည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် အောင်ထက်ကိုကို မောင်နှင့်ပြီး နိုင်ထွန်း(ခ) နိုင်နိုင်ထွန်း၊ ခွန်းအောင်(ခ) အောင်ဟိန်းနှင့် သန်းထွန်းလင်းတို့ လိုက်ပါလာသည့် HINO PROFIA ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၅၂၅၀ ကီလို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက်များ သယ်ဆောင်ရာ၌ ပူးပေါင်း ပါဝင်သူများဖြစ်သည့် သက်ပိုင်စိုး(ခ)သက်ပိုင်ကို ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ (၂၁) မိုင်စစ်ဆေးရေးဂိတ်တွင် လည်းကောင်း၊ နန်းဦးနှင့် ထက်လင်းတို့ကို ည ၈ နာရီတွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်တွင် လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီတွင် ကျောက်ဆည်မြို့နယ် သံကျေးရွာအုပ်စု သံကျေးရွာအနီးတွင် နိုင်ဝင်း မောင်နှင့်ပြီး အေးကိုဝင်း လိုက်ပါလာသည့် SAMSUNG ၁၂ ဘီးမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဓာတုပစ္စည်း HYDROGEN PEROXIDE လီတာ ၆၈၀၀၊ CAUSTIC SODA ၄၁၂၅ ကီလိုကို လည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၉ လမ်း ၅၃ x ၅၄ လမ်းကြားရှိ မောင်မောင်ခင်နှင့် ကျင်ရှန်(ခ)အားယုံတို့ တည်းခိုနေထိုင်သည့် ဟိုတယ်အခန်းအမှတ်(၄၁၁) သို့ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် ၁ ဒသမ ၀၈၅ ကီလို၊ ကက်တမင်း ၅ ဒသမ ၅၅ ကီလို၊ အက်တက်စီဆေးပြား ၁၆၁၅၀၊ Happy Water သုည ဒသမ ၃၁၉ ကီလိုနှင့် မြန်မာငွေကျပ် ၁ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## စဉ့်ကိုင်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေးဟောပြော

**စဉ့်ကိုင် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ရန်အောင်မြင်ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းက အမှာစကားပြောကြားပြီးနောက် မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဉာဏ်စိုးက သန်းခေါင်စာရင်းကောက်ယူရခြင်းမှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သိရှိနိုင်ရန်ရည်ရွယ်၍ သန်းခေါင်စာရင်းကောက်ယူရခြင်းဖြစ်ကြောင်းနှင့် သန်းခေါင်စာရင်းတွင် ထည့်ကောက်ရမည့်သူများနှင့် ထည့်မကောက်ရမည့်သူများအကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဥပဒေပုဒ်မတို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ကျော်စွာ (စဉ့်ကိုင်)



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ



**ပြည် ဇူလိုင် ၁၈**

၂၀၂၄-ခုနှစ် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား လေးမြို့နယ်နှင့် တက္ကသိုလ်၊ဒီဂရီကောလိပ်များ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၆ ရက်က ပြည်မြို့ ခေတ္တရာ ရတနာရွှေပြည်ခရိုင် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပေါက်ခေါင်းမြို့နယ် အသင်းနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များအသင်းတို့ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားကြရာ ပေါက်ခေါင်းမြို့နယ်အသင်းက တတိယရရှိသည်။ ထို့နောက် ဗိုလ်လုပွဲကို ပြည်မြို့နယ်အသင်းနှင့် ရွှေတောင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေတောင်မြို့နယ်အသင်းက ပြည်မြို့နယ်အသင်းအား သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိ ပထမဆုရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ အကောင်းဆုံးဆု ရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တတိယဆုရ ပေါက်ခေါင်းမြို့နယ် အသင်းအား ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က လည်းကောင်း၊ ဒုတိယဆုရ ပြည်မြို့နယ်အသင်းအား ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွန်းနိုင်က လည်းကောင်း၊ ပထမဆုရ ရွှေတောင်မြို့နယ် အသင်းအား ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်ကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က ပထမဆုရ ရွှေတောင်မြို့နယ်အသင်းအား တံခွန်စိုက်ဖလားဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။(ယာပုံ)

**ကိုဆက်(ပြန်/ဆက်)**

## အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း အခမဲ့သင်ကြား

**တောင်ငူ ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ဒေသအတွင်းရှိ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ မြင့်မားလာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း ကာလတိုအခမဲ့သင်တန်းကို ဇူလိုင် ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ သင်တန်းဆင်းပွဲ ကျင်းပသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)မှ ကျောင်းအုပ်ကြီး ဒေါက်တာကျော့ကျော့ရီက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က သင်တန်းဆင်း အောင်လက်မှတ်




များ ပေးအပ်သည်။ သင်တန်းတွင် သင်တန်းနည်းပြ တွဲဖက်ပါမောက္ခ ဦးသန်းနိုင်ဦးက အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းများကို ဇူလိုင် ၈ ရက်မှ ၁၈ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပြီး တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ အုတ်တွင်းနှင့် ထန်းတပင်မြို့နယ်တို့မှ သင်တန်းသား ၂၃ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နတ်မောက် ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာနှင့် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဖုန်းဟန်ဆန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်တို့က အာဇာနည်နေ့နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ဟောပြောဆွေးနွေးပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

**သိမ့်သိမ့်မိုး**

# ရန်ကင်းမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

**ရန်ကင်း ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်း မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေ



ပြုဗဟိုဌာန၌ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာစပ်ပြိုင်ပွဲများကို ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

ဦးစွာ ရန်ကင်းမြို့နယ် ဦးစီးမှူး ဒေါ်လှလှထွေးက အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ပြီး စာစီစာကုံးပြိုင်ပွဲ၊ ကဗျာစပ်ပြိုင်ပွဲတို့ကို ကျင်းပရာ ပြိုင်ပွဲများသို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ ကဗျာစပ်နည်းပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းကောင်းမွန်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ

**သာယာဝတီ ဇူလိုင် ၁၈**

သာယာဝတီမြို့နယ်၌ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ယနေ့နံနက်က တောရကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းက မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ စနစ်တကျ အပင်ပြုစုစောင့်ရှောက်ရေး၊ သွင်းအားစုမြေဩဇာများ အချိန်ကိုက်အချိုးကျ ထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးမှူးက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးဟောပြောပြီး သာယာဝတီမြို့နယ် အင်းရွာအုပ်စု တောင်သူ ဦးသိန်းနိုင်၏ မိုးစပါးစိုက်ခင်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ရွှေခရုကောက်ယူဖျက်ဆီးခြင်းကို တောင်သူများနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြသည်။

**သန့်ဇော်(ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၈ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၀ ကျပ် | ၂၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၀၀ ကျပ် | ၂၇၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၂၀ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၉၀၀၀ | ၁၇၃ | ၁၅၅၁၅၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၁၁၃ | ၃၈၉၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၂၁၃၈ | ၃၅၂၉၆၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၃၉၀ | ၁၀၅၅၀၀၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၇၆၉ | ၁၂၆၈၈၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၆၅၀ | ၃၇၅၀ | ၃၀၅၈ | ၁၁၃၄၁၂၀၀ |

## တောင်ကြီးမြို့နေ ဦးစိုင်းတွမ်းစွမ် ၁၃/လခန(နိုင်)၀၄၅၃၉၃ နှင့် အများပြည်သူသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ ကံရိုးကျေးရွာအုပ်စု၊ ညောင်သုံးပင် ကျေးရွာနေ (ဘ)ဦးစိန်အောင် ၏သမီး ဒေါ်ခင်မိုးမြင့် ၇/တငန (နိုင်) ၀၈၂၉၅၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

တောင်ငူမြို့၊ ကံရိုးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၅၄၉၊ ညောင်သုံးပင်ကွင်း၊ ဦးပိုင်အမှတ်-၈၆၊ မြေဧရိယာ ၁ ဒသမ ၀၆ ဧကရှိ ဒေါ်ခင်မိုးမြင့် အမည်ပေါက်မြေကွက်၊ ဦးပိုင်အမှတ်- ၁၅၂/၁၊ မြေဧရိယာ ၀ ဒသမ ၅၉ ဧကရှိ ဒေါ်ခင်မျိုးမြင့် အမည်ပေါက် မြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်မိုးမြင့်မှ ဦးစိုင်းတွမ်းစွမ်ထံသို့ မြေကွက်အရောင်းအဝယ် နှစ်ဦးသဘောတူ ကတိစာချုပ်ကို ၁၃-၅-၂၀၂၃ ရက်က ချုပ်ဆိုခဲ့ပြီး မြေကွက်ပေါ်ရှိ နေအိမ်များကို ၁၃-၅-၂၀၂၄ မှ ၁၃-၅-၂၀၂၅ ထိ (၁)နှစ်တိတိ ငှားရမ်းကြောင်း အိမ်ငှားစာချုပ်တို့ကို ၁၃-၅-၂၀၂၄ ရက်တွင် တစ်ပြိုင်တည်း ချုပ်ဆိုခဲ့ပါသည်။

အဆိုပါစာချုပ်များသည် အမှန်အကန် ချုပ်ဆိုခဲ့သည့်စာချုပ်များ မဟုတ်ပါ။ အမှန်တကယ် အရောင်းအဝယ် အထမြောက်အောင် ဆောင်ရွက်ခဲ့ခြင်းမျိုးလည်း မရှိခဲ့ပါ။ ဒေါ်ခင်မိုးမြင့်သည် ဦးစိုင်းတွမ်းစွမ်ထံမှ အဖိုးတန်ပစ္စည်းတစ်ခု အရောင်းအဝယ်ပြုလုပ်ရန်အတွက် ဟန်ဆောင်ချုပ်ဆိုထားခဲ့သည့် စာချုပ်များသာဖြစ်ပြီး အရောင်းအဝယ်ကိစ္စမှာ ဖြစ်မြောက်ခဲ့ခြင်းမရှိဘဲ ပျက်ပြယ်သွားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်မိုးမြင့်နှင့် ဦးစိုင်းတွမ်းစွမ်တို့နှစ်ဦး ချုပ်ဆိုထားသည့် စာချုပ်များကို ဖျက်သိမ်းပယ်ဖျက်ကြောင်းနှင့် အဆိုပါ မြေကွက်များသည် ဦးစိုင်းတွမ်းစွမ်နှင့် မည်သို့မျှ သက်ဆိုင်ပတ်သက်မှုမရှိကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသန်းဇော်ထွန်း** | **ဒေါ်မဥ္ဇူထွေး (LL.B)** |
| **B.Sc(Zool),H.G.P- Cust:Law.Dist:.** | **တရားလွှတ်တော်ရှေ့နေ** |
| **အထက်တန်းရှေ့နေ(စဉ်-၁၇၈၀၃/၈၉)** | **စဉ်-၁၅၈၄၄ (၁၅-၈-၂၀၁၉)** |
| **၂/၉၃၅၊ နန်းတော်ဟောင်းလမ်း၊ တောင်ငူမြို့။** | **ဟင်းငုတ်ပင်၊လျှပ်စစ်ဝန်း၊** |
| **ဖုန်း-၀၉-၅၃၅၁၅၄၀၊ ၀၉-၇၉၈၁၅၁၈၈၅** | **တောင်ငူမြို့။ဖုန်း-၀၉-၄၂၈၁၅၉၆၄၄** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆၁/B) ယုဇနလမ်း၊ (၃) ရပ်ကွက်၊ (၁၄ ၃/၂ 'x၃၈')ပေရှိသော ပထမထပ်မှန်ခန်း ခေါင်းရင်းထပ်တိုက်ခန်း နှင့်တကွ ရေမီးအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ကျော်အောင် ၁၂/ဥကမ(နိုင်)၁၇၅၈၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်သန်း ၁၂/မရက (နိုင်)၀၆၁၄၀၆ မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေစင်ဝင်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၈၆၄/၃၀-၄-၂၀၀၅)**
**အမှတ်(၁၄၈)၊ အေဝမ်းခြံ(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၂၅၃၈၃၆၂၈၄**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အုပ်ပုံ ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၇၇၁ᶜ၊ ကွင်းအမည် ဇျိုင်းတောင်ကွင်း၊ ဦးပိုင်အမှတ် ၂၃/၂ ၊ ဧရိယာ ၀ ဒသမ ၃၀ ဧကရှိ ပြေစာအမည်ပေါက် ဦးအောင်ကျော်ဇေယျ ၈/မမန(နိုင်) ၁၆၆၉၃၀ ပိုင်ဆိုင်သောမြေကွက်အနက်မှ ဧရိယာ ၀ ဒသမ ၁၅ ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်မ ဒေါ်ဇင်မာထွန်း ၁၂/အစန (နိုင်)၁၈၅၀၃၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ အဆိုပါ ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာထွန်း**
**ဖုန်း-၀၉-၂၅၀၃၇၅၂၉၉၊ ၀၉-၄၂၀၁၈၀၆၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် (၁၆၁/က)၊ ၁၂၀၀ စ/ ပေ၊ မြေကွက်တည်နေရာအမှတ် (၁၆၁/က)၊ မေယု(၆)လမ်း၊ (က)ရပ်ကွက်၊ ဒေါ်လှ ၁၂/ဥကမ(နိုင်)၁၃၈၂၀၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်လှ(မိခင်)သည် ၁၉-၅-၁၉၉၆ ရက်တွင်လည်းကောင်း၊ ဦးတင်ထွန်း(ဖခင်)သည် ၂-၇-၁၉၉၁ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်ခင်အေးရီ ၁၂/ဥကမ(နိုင်)၁၂၉၃၈၈၊ ဒေါ်ခင်အေးကြည် ၁၂/ဥကမ (နိုင်)၁၃၀၄၆၉၊ ဒေါ်လှလှဝေ ၁၂/ဥကမ(နိုင်) ၁၂၉၉၃၂၊ ဦးကျော်ငြေး ၁၂/ဥကမ (နိုင်)၁၂၈၈၇၁ တို့မှ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်သည့် သား/သမီး(၄)ဦး တော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦး တစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၀၄၉/ ၂၀-၁၁-၂၀၂၃၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဦးကျော်ငြေးထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်-၂၃၉၁၇/၂၃ (၉-၁၁-၂၀၂၃)ဖြင့် ရရှိသူ ဒေါ်သီတာမြင့် ၁၂/ဥကမ(နိုင်) ၀၁၉၇၈၃ မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါ မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ပူးတွဲတင်ပြပြီး ဒေါ်ခင်အေးရီ၊ ဒေါ်ခင်အေးကြည်၊ ဒေါ်လှလှဝေတို့နှင့် အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဗဟန်းမြို့နယ်၊ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမြတ်နိုးဦး ၁၂/သလန(နိုင်)၀၉၅၆၇၃ ၏သား မောင်ဘုဏ်းမြတ်ကောင်းကင် အား မောင်ဘုန်းမြတ်ကောင်းကင်ဟု ခေါ်ပါရန်။

**မောင်ဘုန်းမြတ်ကောင်းကင်**

## မိခင်အမည်မှန်

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ ဦးသန်းထွေး ၏ သမီး မသိမ့်ဝေဇင်၏ မိခင်အမည် မှန်မှာ ဒေါ်ချိုဇင်ဦး ၁၄/ကပန (နိုင်)၁၄၇၈၅၀ ဖြစ်ပါသည်။

**ဒေါ်ချိုဇင်ဦး**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မပန်းအိစံ၏ ဖခင်အမည်မှန်မှာ ဦးစံမင်းထူး ၁၄/ဟသတ(နိုင်)၂၁၁၁၈ ဖြစ်ပါ သည်။

**ဦးစံမင်းထူး**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မမေဖူးသက်ကျော်၏ ဖခင်အမည် မှန်မှာ ဦးကျော်စိုး ၁၄/ဇလန(နိုင်) ၀၉၈၂၂ ဖြစ်ပါကြောင်း။

**ဦးကျော်စိုး**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်းမှ မနှင်းအိလှိုင် ၏ ဖခင်အမည်မှန်မှာ စောမျိုးနိုင် ၁၄/ဟသတ(နိုင်)၀၄၇၉၆၄ ဖြစ်ပါ ကြောင်း။

**စောမျိုးနိုင်**

## မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့၊ အမှတ်(၄)အထက Grade-12မှ (ဘ) ဦးမြတ်မင်း အောင်၊ (မိ)ဒေါ်မို့မို့ကျော်တို့၏သား မောင်ခန့်မင်းကို၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၇-၂၀၀၆ ဖြစ်ပါ ကြောင်း။

**မောင်ခန့်မင်းကို**

## မိဘအမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၄)အထက Grade-12 မှ မဂျူးကေခိုင်ကို၏ မိဘအမည်မှန်မှာ ဦးအောင်ဇော်မိုး ၁၄/ဟသတ(နိုင်)၁၉၉၈၈၅ နှင့် ဒေါ်စမ်းစမ်းအေး ၁၄/ဟသတ (နိုင်)၂၆၀၇၂၁ ဖြစ်ပါကြောင်း။

**မိဘများ**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊အမှတ်(၄)အထက Grade-11 မှ မအိအိအောင် ၏ ဖခင်အမည်မှန်မှာ ဦးအောင် မိုးထွန်း ၁၄/ဟသတ(နိုင်) ၂၁၇၄၀၂ ဖြစ်ပါကြောင်း။

**ဦးအောင်မိုးထွန်း**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

မင်းဇော်မင်းသိန်း (ဘ)ဦးသိန်းဖေ ၁၀/ခဆန(နိုင်)၀၅၇၉၆၅ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၈၀၆၆၆၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄

| | | |
|---|---|---|
| ၁။ ဒေါ်နီနီဦး | နှင့် | ၁။ ဒေါ်မမ |
| ၂။ ဒေါ်ဖြူဖြူအေး | | ၂။ ဒေါ်သန်းသန်းမြင့် |
| ၃။ ဦးပြည့်ဖြိုးမောင် | | ၃။ ဒေါ်အေးအေးမြင့် |
| ၄။ ဦးပြည့်ဖြိုးအောင် | | ၄။ ဒေါ်ငွေငွေမြင့်(ခ)ချိုတူးမာ |
| ၅။ ဒေါ်လွင်လွင်ထွန်း(ခ)ဖြူမ | | ၅။ ဒေါ်တင်နွယ်အေး |
| ၆။ ဒေါ်စိုးစိုးဝင်း | | ၆။ ဒေါ်တင်နွယ်ထွေး |
| ၇။ ဒေါ်သူဇာဝင်း | | ၇။ ဒေါ်ထွေးထွေးအောင် |
| ၈။ ဒေါ်ခင်နှင်းအေး(ခ)နန်းနန်း | | ၈။ ဦးတင်အေး(ခ)ဂျစ်ကား |
| | | ၉။ ဒေါ်ခင်အုန်းမြင့် |
| | | ၁၀။ ဒေါ်ကြည်မြင့် |
| | | ၁၁။ ဒေါ်ခိုင် |
| | | (စဉ်(၂) မှ (၁၁)ထိ ကွယ်လွန်သူ ဒေါ်ညို၏တရားဝင်ကိုယ်စားလှယ်များ) |
| | | ၁၂။ ဒေါ်ခင်သန်း |
| | | ၁၃။ ဒေါ်ခင်ငွေ |
| | | ၁၄။ ဒေါ်တုတ်(ခ)ခင်တုတ် |
| | | ၁၅။ ဒေါ်သန်းသန်းအေး |
| | | ၁၆။ ကိုထွန်းထွန်း(ခ)ထွန်းထွန်းအေး |
| | | ၁၇။ မောင်စည်သူ(ခ)စည်သူဖြိုး |
| | | ၁၈။ မောင်လမင်းငယ် |
| | | ၁၉။ ဒေါ်ခင်သန်းမြင့် |
| | | ၂၀။ ဒေါ်နီနီမြင့် |
| | | ၂၁။ ဒေါ်နွဲ့ကြည် |
| | | ၂၂။ ဦးထွန်းထွန်း |
| | | ၂၃။ မောင်ဇေယျာထွန်း |
| | | ၂၄။ မောင်ထွန်းထွန်းနိုင် |
| | | ၂၅။ ဒေါ်တင်ငွေ |
| | | ၂၆။ ဦးဇော်ထိုက် |
| | | ၂၇။ ဦးမျိုး |
| | | ၂၈။ ဒေါ်ပပ |
| | | ၂၉။ ဒေါ်ငယ် |
| | | ၃၀။ ဦးတင်အောင်မြင့်ဦး |
| | | ၃၁။ ဦးအောင်မြင့်မြတ် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ ဘိုးဘွားရိပ်သာလမ်း၊ အမှတ်(၄/၆)နေ (၂) တရားပြိုင်ဒေါ်သန်းသန်းမြင့်၊ (၅) တရားပြိုင် ဒေါ်တင်နွယ်အေး၊ (၇) တရားပြိုင် ဒေါ်ထွေးထွေးအောင်၊ (၉) တရားပြိုင် ဒေါ်ခင်အုန်းမြင့် နှင့် (၁၁) တရားပြိုင် ဒေါ်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မှော်ဘီလေးတပ်နေ (၃) တရားပြိုင် ဒေါ်အေးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရွှေပေါက်ကံရပ်ကွက်၊ အောင်မင်္ဂလာ(၁၂)လမ်းနေ (၆)တရားပြိုင် ဒေါ်တင်နွယ်ထွေး (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက "ဒီကရီသည် တရားလိုများအပေါ် အကျိုး သက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား ရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/25598 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဦး ၁၄/ဟသတ(နိုင်) ၃၀၆၀၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 45W/95912 Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာဦး ၁၄/ဇလန(နိုင်)၁၂၁၅၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၆၃)ဟုခေါ်တွင် သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ၃-လွှာ(ဒုတိယထပ်)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆို ပြုသူ ဒေါ်ခြူးကေသွယ်နွေး ၆/ထဝန(နိုင်)၁၂၁၅၈၉ (ဘ)ဦးဖေဝင်းထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ချိုနွယ်စိုး ၁၁/သတန(နိုင်)၀၇၁၉၀၁ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်း နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေ နှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် ၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ မစိုးစိုးထိုက် (ဘ)ဦးစိုးဝင်း ၇/ရတန(နိုင်)၀၀၀၁၁၈ မှ ဒေါ်နော်နီဝင်း (ဘ)ဦးစိုးဝင်း ၇/ရတန(နိုင်)၀၀၅၆၆၁ သို့ ရန်ကုန် မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၃၈၆ ဖြင့် ၂၃-၁၁-၂၀၁၁ တွင် လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ရန် ဆန္ဒမရှိပါသဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအား ၁၈-၇- ၂၀၂၄ ရက်တွင် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်စိုးစိုးထိုက်**
**၇/ရတန(နိုင်)၀၀၀၁၁၈**

### အများသိစေရန်ကြေညာချက်

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၁)လမ်း၊ အမှတ်(၄၆၀/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်(၄၆၀/ခ)တွင် ၁ ခန်းတည်း (၆)ထပ်တိုက် (Pitch Roof) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှု အနေဖြင့် ဦးမြအေးအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်နှင့် (D/Map)တင်ပြ၍ အမည်ပေါက် ဦးမြအေး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စန်းစန်းမူ (၁၂/ဥကမ(နိုင်)၀၃၀၃၇၆)မှ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးသိန်းထူးအေး (RSE-Construction-0851)ဖြင့် တင်ပြလျှောက်ထားလာရာတွင်မြေအမည်ပေါက် ဦးမြအေး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတင်ပြနိုင်မှုမရှိခြင်းနှင့် ပတ်သက်၍ ယခုဆောက်လုပ်ခွင့် တင်ပြလျှောက်ထားခြင်းအား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက် အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းချမ်းကျော် ၁၄/ဖပန(နိုင်)၂၅၂၂၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါ သည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၆)ရပ်ကွက်၊ စွယ်တော်ရိပ်(၃)လမ်း၊ မြေကွက်အမှတ်(၁၄၈)၊ (ပေ ၂၀ x ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေ "ဦးငြိမ်းချမ်းကျော်နှင့်ဇနီးဖြစ်သူ ဒေါ်သက်မြတ်နိုးတို့မှ နှစ်ဦးစလုံး" ဝယ်ယူ ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ဦးငြိမ်းချမ်းကျော်သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မည်သူမျှပြု လုပ်ခွင့်မရှိပါ ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ပါ အကြောင်းအရာများပြုလုပ်ခဲ့ပါက လုပ်ဆောင်သူနှင့် လုပ်ဆောင်ပေးမည့်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးငြိမ်းချမ်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၉၆၃)**
**အမှတ်(၆၁)၊ ၄-လွှာ၊ ဗိုလ်ကြာညွန့်လမ်း၊**
**၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၄၄၀၂၁၁၊ ၀၉-၆၇၆၅၆၅၁၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်သင်းသင်းအေး ၈/သရန(နိုင်)၀၀၄၅၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ အောင်မေတ္တာ(ခ) ရပ်ကွက်၊ သစ်တောလမ်း မြေကွက်အမှတ်-၁၃၅၃/၁၃၅၅-က ဧရိယာ ၀ ဒသမ ၀၉၀ ဧကအား မူလချထားခြင်းခံရသူ ဦးလှမြင့်မှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေမှ အဆက်အစပ်စာချုပ်များဖြင့် ကျွန်ုပ်မိတ်ဆွေမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းအိမ်ခြံမြေကွက်အား လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ အလုံးစုံဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ အထောက်အထားကိုသော် လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းဝယ်ပေါင်နှံခြင်း သက်ဆိုင်ရာ ဌာနများတွင် ဂရန်နှင့် အခြားကိစ္စရပ်များအား လျှောက်ထားဆောင်ရွက်ခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုသူ၏တာဝန်သာဖြစ်ပြီး ယင်းသို့ပြုလုပ်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးကိုကိုထွေး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၂၃၄)**
**အမှတ် (၃၀၈)၊ သဇင် (၄)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့။**
**ဖုန်း-၀၉-၄၃၁၃၈၆၈၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## တာမွေမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃

(၁)ဒေါ်တင်တင် နှင့် ဦးသန်းညွန့်
(၂) ဒေါ်ရီရီမာ
(၃)ဒေါ်သီတာ
(၄) ဦးဇော်မင်း
(၅)ဦးသောင်းအေး
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်ဒေါ်ထူးထူးဆွေ)

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၀၂)နေ ဦးသန်းညွန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ကတိပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆို ပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇာခြည်လှိုင်)**
**မြို့နယ်တရားသူကြီး**
**တာမွေမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၄)၊ ဦးပိုင်အမှတ်(၅၃)၊ ၄၆x၄၇ လမ်းကြား၊ ၁၀၇-C x ၁၀၇-D လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေး(ခ)သန်းရွှေ၏(SP ရရှိသူ ဒေါ်စုစန္ဒီအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ အားသစ်မာန်ကုမ္ပဏီလီမိတက်(ARR THIT MAN Co.,Ltd) ၏ ကိုယ်စား(အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးတင်ဇော်ထူးမှ တာဝန်ခံလက်မှတ်ရေးထိုး ပါသည်)က အမှုတွဲအမှတ် (၂၁၃၇/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၄)၊ ဦးပိုင်အမှတ်(၅၄)၊ ၄၆x၄၇ လမ်းကြား၊ ၁၀၇-C x ၁၀၇-D လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေး(ခ)သန်းရွှေ၏ (SP ရရှိသူ ဒေါ်စုစန္ဒီအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၀/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ အားသစ်မာန်ကုမ္ပဏီလီမိတက်(ARR THIT MAN Co.,Ltd)၏ ကိုယ်စား(အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးတင်ဇော်ထူးမှ တာဝန်ခံလက်မှတ်ရေးထိုးပါသည်)က အမှုတွဲအမှတ် (၂၁၃၈/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/34971 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်အောင် ၉/တတဥ(နိုင်)၁၂၀၀၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/57320 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်သိန်း ၉/မရမ(နိုင်)၀၅၈၈၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/31421 Canda-125 ယာဉ်လက်ဝယ် ရှိသူ Lwin Moe Aung Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

